# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၉၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်မှ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)ဝန်ထမ်းများအား အိမ်ငှားစရိတ်ထောက်ပံ့မည်



**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်၍ ယနေ့ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီးပွားရေးရာကော်မတီအစည်းအဝေး (၆/၂၀၂၂) ၏ (ဝဲပုံ) အစည်းအဝေးဆုံးဖြတ်ချက်အရ နိုင်ငံ့ဝန်ထမ်း (အမြဲတမ်း)များအား အိမ်ငှားစရိတ် ထောက်ပံ့မည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း) များ အနေဖြင့် အိမ်ငှားစရိတ်အဖြစ် အိမ်ထောင်သည်ဖြစ်ပါက မူရင်းလစာ၏ ၈ ရာခိုင်နှုန်းနှင့် လူပျို/အပျိုဖြစ်ပါက ၄ ရာခိုင်နှုန်း ခံစားခွင့်ရရှိမည်ဖြစ်ပြီး ခံစားခွင့်များကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ခံစားခွင့်ပြုမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အား ဇူလိုင်လ ၂၅ ရက် (တနင်္လာနေ့) ၌ သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် အစိုးရဝန်ထမ်းများအား ခေတ်နှင့်အညီ ချီးမြှင့်ငွေ၊ ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ ယခုအိမ်ငှားစရိတ် ထောက်ပံ့ခြင်းအပါအဝင် ချီးမြှင့်ထောက်ပံ့မှု (၂၆)ခု ပြုလုပ်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ယနေ့ ဖတ်စရာ


**မြန်မာအမျိုးသားလေကြောင်းကို စဉ်ဆက်မပြတ်အားပေးကြသော ခရီးသည်များ လေယာဉ်လက်မှတ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူနိုင်** — ပြည်တွင်းသတင်း | စာ - ၇

**ပြည်သူ့အတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေ** — ဆောင်းပါး | စာ - ၆

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွား** — နိုင်ငံတကာသတင်း | စာ - ၁၃

**မြန်မာ-ရုရှား ဆက်ဆံရေးသည် သွေးစည်းချစ်ကြည် ထာဝရတည်** — ဆောင်းပါး | စာ - ၁၆







မြန်မာ့အလင်း

# နိုင်ငံတော်နှင့် ပြည်သူ့အကျိုး ဆတက်ထမ်းပိုး စွမ်းဆောင်ကြိုးပမ်း

နိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံ့ဝန်ထမ်းများက အရေးပါသော အခန်းကဏ္ဍ၌ ပါဝင်သည်။ နိုင်ငံ့ဝန်ထမ်းများ အရည်အချင်းပြည့်ဝ ကျွမ်းကျင်မှု၊ လုံ့လဝီရိယနှင့် တာဝန်ကျေပွန်မှု၊ စိတ်ဓာတ်နှင့် စည်းကမ်းတို့ ကောင်းမွန်ကာ ကျင့်ဝတ်ကို စောင့်ထိန်းပါမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ကောင်းစွာ မြှင့်တင်နိုင်မည်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းသည် မည်သည့်အစိုးရတက်၍ ၊ မည်သို့သောမူဝါဒတို့ချမှတ်စေကာမူ စည်းကမ်းများကို လိုက်နာ၊ ကျင့်ဝတ်များကို စောင့်ထိန်း၍ မိမိတို့၏ တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရမြဲသာ ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊ တည်ဆဲဥပဒေကို လေးစားလိုက်နာခြင်း၊ ပြည်သူ့အကျိုးစီးပွားကို အလေးထားဆောင်ရွက်ခြင်း၊ တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ၊ ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်း၊ လုပ်ငန်းကျွမ်းကျင်မှု အဆင့်မြင့်မားစေရန်နှင့် အရည်အချင်း၊ စွမ်းဆောင်ရည်တိုးတက်နေစေရန် အစဉ်ကြိုးစားခြင်း၊ အထက်က ပေးအပ်သည့် အမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း၊ ပြည်သူပိုင်ပစ္စည်းနှင့် ပြည်သူ့ဘဏ္ဍာငွေ ယိုဖိတ်ဆုံးရှုံးမှု မရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စည်းမျဉ်းစည်းကမ်း အမိန့်ညွှန်ကြားချက်များကို လိုက်နာခြင်း၊ အကျင့်စာရိတ္တ ပျက်ပြားမှုနှင့် သိက္ခာကင်းမဲ့စွာ ပြုမူမှုတို့ ရှောင်ကြဉ်ခြင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာ လာဘ်ပေးလာဘ်ယူမှုကို ရှောင်ကြဉ်ခြင်း၊ မရိုးသားသောနည်းဖြင့် အခြားဝင်ငွေရှာမှုကို ရှောင်ကြဉ်ခြင်း၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဌာနဆိုင်ရာ ပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ မသုံးစွဲခြင်း၊ နိုင်ငံတော်ကို အကြည်ညိုပျက်စေမည့် စာအုပ်စာတမ်း ရေးသားခြင်း သို့မဟုတ် ဖြန့်ဝေခြင်းတို့ မပြုလုပ်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသည့် လှုပ်ရှားမှုတစ်ခုခုတွင်ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသော ဝန်ထမ်းကျင့်ဝတ်များကို စောင့်ထိန်းကြရမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် စိတ်ကောင်းစေတနာကောင်းဖြင့် ရိုးသားကြိုးစားတာဝန်ထမ်းဆောင်ကြရမည့်သူများ ဖြစ်သည့်အလျောက် ထူးချွန်ကောင်းမွန်သည့် ဝန်ထမ်းများမှာ ထိုက်တန်သည့် ချီးမြှင့်မှုများ ရရှိကြသလို အကျင့်ပျက်ဝန်ထမ်း၊ ဝန်ထမ်းဆိုးများမှာမူ အပြစ်ပေးမှု၊ အရေးယူမှုများကို ရင်ဆိုင်ကြုံတွေ့ကြရမည်သာ ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းများသည် အကျင့်စာရိတ္တကောင်းမွန်သူ၊ ကျင့်ဝတ်စောင့်ထိန်းသူများအဖြစ် မိမိတို့ကိုယ်ကို ဖြည့်ဆည်းကြိုးပမ်းကြရမည်ဖြစ်သည်။

ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့ဝန်ထမ်းများ ရိုးသားကြိုးစားစွာ နိုင်ငံ့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက အစိုးရဝန်ထမ်းများအား ခေတ်နှင့်အညီ ချီးမြှင့်ငွေ ထောက်ပံ့ငွေများ ထောက်ပံ့ပေးလျက်ရှိရာ လာမည့်ဩဂုတ်လမှစတင်၍ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)များ အိမ်ငှားစရိတ် ခံစားရရှိကြတော့မည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအား ချီးမြှင့်ထောက်ပံ့မှု ၂၆ ခု ပြုလုပ်ခဲ့ပြီးဖြစ်ရာ နိုင်ငံ့ဝန်ထမ်းတိုင်းက နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားအတွက် ဆတက်ထမ်းပိုး စွမ်းဆောင်ကြိုးပမ်းသွားကြရေး တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ဗန်းမော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အောင်ကျော်သင် ကို မုံရွာတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးသိန်းဆွေ | ညွှန်ကြားရေးမှူးချုပ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန စက်မှုဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ ဖြူဖြူဝင်း | ညွှန်ကြားရေးမှူးချုပ် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာ ကျော်ရွှေ | ပါမောက္ခချုပ် ဆေးတက္ကသိုလ် (၁) ရန်ကုန် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန |

# မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇူလိုင် ၂၂**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ ၄၀ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

# တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍မိတ်ဆက်ရှင်းလင်း




**ဘားအံ ဇူလိုင် ၂၂**

၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် စတင်အကောင်အထည်ဖော်မည့် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီခန့်က ဘားအံမြို့ ကရင်ပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)

မိတ်ဆက် ရှင်းလင်းပွဲတွင် ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းက အဖွင့်အမှာစကားပြောကြားပြီး ကရင်ပြည်နယ် တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေး အရာရှိ ဒေါ်ဥမ္မာစမ်းက တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့် ပတ်သက်၍ သိရှိလိုသည်များ၊ မရှင်းလင်းသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြပြီး အဆိုပါ အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ် တရားရေးဦးစီးမှူး၊ ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ၊ ဘားအံတက္ကသိုလ် ဥပဒေပညာဌာနမှ ဌာနမှူး၊ ပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ်တရားရုံးများမှ တရားရေးအရာရှိများနှင့် တရားသူကြီးများ၊ တရားလွှတ်တော် ရှေ့နေများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**

# တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၂**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ နေ့စဉ် နံနက်(၆:၀၀) နာရီမှစပြီး အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇို:)၊ ချင်း(ချိုး) မွန်၊ ရခိုင်၊ ရှမ်း၊ ‘ဝ’၊ ကချင်၊ ကယား၊ စကောကရင်ဘာသာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက် နေ့မှစပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ် နံနက် (၆:၀၀)နာရီမှ (၇:၀၀) နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် (၇:၀၀) နာရီမှ (၈:၀၀) နာရီ အထိ ချင်း(လိုင်ဇို:) ဘာသာအစီအစဉ်၊ နံနက် (၈:၀၀) နာရီမှ နံနက်(၉:၀၀)နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ နံနက် (၉:၀၀) နာရီမှ နံနက် (၁၁:၀၀)နာရီအထိ မွန်ဘာသာ အစီအစဉ်၊ နေ့လယ်(၁၁:၀၀)မှ မွန်းတည့်(၁၃:၀၀)နာရီအထိ ရခိုင်ဘာသာ အစီအစဉ်၊ မွန်းတည့် (၁၃:၀၀)နာရီမှ မွန်းလွဲ (၁၅:၀၀)နာရီအထိ ရှမ်းဘာသာ အစီအစဉ်၊ မွန်းလွဲ (၁၅:၀၀)နာရီမှ (၁၇:၀၀)နာရီအထိ ‘ဝ’ ဘာသာ အစီအစဉ်၊ ညနေ (၁၇:၀၀)နာရီမှ ညနေ (၁၉:၀၀)နာရီအထိ ကချင်ဘာသာ အစီအစဉ်၊ ညနေ (၁၉:၀၀) နာရီမှ ည (၂၁:၀၀) နာရီအထိ ကယားဘာသာ အစီအစဉ်၊ ည(၂၁:၀၀) နာရီမှ (၂၂:၀၀) နာရီအထိ စကောကရင်ဘာသာ အစီအစဉ်၊ ည(၂၂:၀၀) နာရီမှ (၂၃:၀၀) နာရီအထိ အနောက်ပိုးကရင်ဘာသာ အစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

မြန်မာနိုင်ငံအပါအဝင် နိုင်ငံအချို့ကို ထည့်သွင်းဖော်ပြထားပြီး သံသယဖြစ်ဖွယ် ကိန်းဂဏန်းအမြောက်အမြား ပါဝင်သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ကုသလမဂ္ဂစောင့်ကြည့်လေ့လာအစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့ (UNCTFMR) တို့သည် ၎င်းတို့၏တာဝန်များကို ပွင့်လင်းမြင်သာစွာနှင့် ဘက်လိုက်မှုမရှိဘဲ ထမ်းဆောင်ရမည်ဖြစ်သော်လည်း ယင်းအစီရင်ခံစာပါ ကိန်းဂဏန်းများနှင့် စွပ်စွဲချက်များကို မြန်မာနိုင်ငံနှင့်စိစစ်ရန် ပျက်ကွက်ခဲ့သည်။

အဆိုပါအစီရင်ခံစာတွင် မည်သည့်ဖြစ်စဉ်ကိုမျှ ဖော်ပြထားခြင်းမရှိဘဲ ကိန်းဂဏန်းများသက်သက်သာ ပါဝင်ပြီး NUG နှင့် PDFs အမည်ခံအဖွဲ့များက ကျူးလွန်သည့် လူသတ်မှုအမြောက်အမြားကို လျှော့ပေါ့ဖော်ပြကာ တာဝန်ရှိသည့်အကြမ်းဖက်သမားများကို "အမည်မဖော်နိုင်သော ကျူးလွန်သူများ"ဟု သုံးနှုန်းထားသည်။ NUG နှင့် PDFs အကြမ်းဖက်အဖွဲ့များကြောင့် နိုင်ငံတစ်ဝန်းတွင် ကလေးသူငယ် ၇၆ ဦး အသက်ဆုံးရှုံးခဲ့ရပြီး ဆေးရုံနှင့် ဆေးခန်း ၂၇ ခု၊ ကျောင်းနှင့် ပညာရေးအဆောက်အဦ ၅၀၄ ခု ဖျက်ဆီးခံခဲ့ရသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာစာချုပ်၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အစိုးရအနေဖြင့် ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ တားဆီးရေးကို သန္နိဋ္ဌာန်ချမှတ်ထားသည်။ သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ တားဆီးကာကွယ်ရေးကော်မတီ၏ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကော်မတီကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ဒုတိယအမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃) ကို အပြီးသတ်ရေးဆွဲလျက်ရှိပြီး ပထမလုပ်ငန်းစီမံချက်ကို (၁၀.၈.၂၀၂၀) ရက်နေ့မှ (၁၀.၈.၂၀၂၁) ရက်နေ့အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ထို့အပြင်မြန်မာနိုင်ငံသည် ကလေးသူငယ်များအား စစ်မှုထမ်းစေခြင်းနှင့် အသုံးပြုခြင်းမှ တားဆီးရေးရည်ရွယ်လျက် UNCTFMR နှင့် ပူးတွဲလုပ်ငန်းစီမံချက်ကို ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ အရွယ်မရောက်သူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို ၂၀၁၁ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့ပြီး ကုလသမဂ္ဂစောင့်ကြည့်လေ့လာ အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့နှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လေ့ရှိခဲ့သည်။ ကော်မတီသည် UNCTFMR နှင့် ပူးပေါင်းဆောင်ရွက်မှုကို အစဉ်အလာမပြတ်ထိန်းသိမ်းခဲ့သော်လည်း လုပ်ငန်းအဖွဲ့မှ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း မရှိခဲ့သည်ကိုတွေ့ရှိရသည်။ သို့ရာတွင် ကော်မတီသည် ၃-၅-၂၀၂၂ ရက်တွင် UNCTFMR နှင့် အစည်းအဝေးတစ်ရပ်ကျင်းပရေးကို ဖြစ်မြောက်ရန် ဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏အထောက်အကူပြုမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ အသက်စိစစ်ရန် စာရွက်စာတမ်းမပြည့်စုံခြင်းကြောင့် တပ်မတော်တွင်း မှားယွင်းစုဆောင်းခဲ့သည့် အရွယ်မရောက်သေးသူ ၂၈ ဦးအား ၁၃-၅-၂၀၂၂ ရက်တွင် မိဘ/အုပ်ထိန်းသူများထံသို့ ပြန်လည်အပ်နှံခဲ့သည်။ ၂၀၁၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်၊ မေလအတွင်း အရွယ်မရောက်သေးသူ ၁၀၅၇ ဦးကို တပ်မတော်မှ နုတ်ထွက်စေခဲ့ပြီးဖြစ်ကာ တာဝန်ရှိသည့် တပ်မတော်သား ၄၇၅ ဦး (အရာရှိ ၁၀၉ ဦးနှင့် အခြားအဆင့် ၃၆၆ ဦး) ကို အရေးယူအပြစ်ပေးမှုများ ဆောင်ရွက်ခဲ့သည်။ အစီရင်ခံစာသည် ယင်းဖြစ်စဉ်အမှန်များကို ဖော်ပြရန်ပျက်ကွက်သည်။

ထို့အပြင်ရာထူးမှထုတ်ပယ်ခံထားရပြီး နိုင်ငံတော်သစ္စာဖောက်ဖျက်မှုဖြင့် တရားစွဲဆိုခြင်းခံထားရသူ ကျော်မိုးထွန်းသည် အထက်ပါအစည်းအဝေးသို့ တက်ရောက်၍ အထင်အမြင်မှားစေသော မိန့်ခွန်းပြောကြားခဲ့ကြောင်း တွေ့ရှိရသည်။ ၎င်း၏ပါဝင်ဆွေးနွေးမှုအပေါ်ကန့်ကွက်ကြောင်း ကုလသမဂ္ဂဘက်သို့ အကြောင်းကြားပြီးဖြစ်ကာ နိုင်ငံကိုကိုယ်စားမပြုသော ၎င်း၏မိန့်ခွန်းကို ပယ်ချသည်။

ကုလသမဂ္ဂ၏ ယင်းသို့ဆောင်ရွက်ချက်များသည် အပြုသဘောရလဒ်မဖြစ်ပေါ်စေဘဲ ကုလသမဂ္ဂ၏ မူဝါဒများနှင့်ဆန့်ကျင်သော နိုင်ငံရေးသွတ်သွင်းမှုများကို ပိုမိုဖြစ်ပေါ်စေသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံက အစီရင်ခံစာတွင်ပါဝင်သော အခြေအမြစ်မရှိသည့် စွပ်စွဲချက်များနှင့် နိုင်ငံအချို့ တစ်ဖက်သတ်ပြောကြားချက်များကို ပြတ်သားစွာပယ်ချသည်။

လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးသူငယ်များအပေါ်
ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ
၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်

# ကွန်ပျူတာတက္ကသိုလ်(မန္တလေး)နှင့် နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တို့၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ




**မန္တလေး ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း သင်ကြားနေသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ အခြေခံကျောင်းများ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဖွင့်လှစ်သင်ကြားရာတွင် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းများသို့ သွားရောက်ဆောင်ရွက်ပေးလျက်ရှိရာ စဉ့်ကိုင်မြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ် (မန္တလေး) မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားသို့ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တိုင်းဒေသကြီး ဝန်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးမြင့်မားရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်း ပညာရေးပတ်ဝန်းကျင်ကောင်းများရရန် ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ ကွန်ပျူတာသိပ္ပံနှင့် သတင်းအချက်အလက်နည်းပညာ တိုးတက်ပြောင်းလဲမှုများသည် နိုင်ငံတိုင်း၏ ဘက်စုံဖွံ့ဖြိုးရေးတွင် အရေးပါသည့်အခန်းကဏ္ဍဖြစ်၍ ထူးချွန်ကျွမ်းကျင်သည့် အတတ်ပညာရှင်၊ နည်းပညာရှင်များဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ကွန်ပျူတာပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်သည်အထိ ရည်မှန်းချက်ထားကာ နိုင်ငံတော်မှ အားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် လေ့လာသင်ယူနေကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများ၏ ဘာသာရပ်အလိုက် တိုင်းရင်းသားရိုးရာအကများ၊ တေးသီချင်းသရုပ်ဖော်အကများဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မောင်မယ်သစ်လွင် အခမ်းအနားအတွက် ဂုဏ်ပြုငွေကျပ်သိန်း ၂၆ သိန်း၊ တက္ကသိုလ်များ အားကစားအဆင့်အတန်း မြင့်မားရေးအတွက် အားကစားပစ္စည်းများကို ပေးအပ်ပြီး **(အပေါ်ပုံ)** ရင်းနှီးစွာ နှုတ်ဆက်သည်။

ယင်းနောက်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နည်းပညာတက္ကသိုလ်(ကျောက်ဆည်) အောင်ဆန်းခန်းမ၌ ပြုလုပ်သည့် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မောင်မယ်သစ်လွင် အခမ်းအနားအတွက် ဂုဏ်ပြုငွေကျပ်သိန်း ၂၀၊ တက္ကသိုလ်များ အားကစားအဆင့်အတန်းမြင့်မားရေးအတွက် အားကစားပစ္စည်းများကို ပေးအပ်ပြီး ရင်းနှီးစွာနှုတ်ဆက်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမရပူရမြို့နယ်ရှိ မန္တလာတက္ကသိုလ် ဘွဲ့နှင်းခန်းမတွင် ကျင်းပသည့် ပင်လုံဆောင်၊ မန္တလာမေဆောင်၊ ချယ်ရီမေဆောင်၊ မောင်နှမဆောင်များ၏ မိတ်ဆုံအခမ်းအနားသို့ ညနေပိုင်းတွင် ရောက်ရှိကာ အခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်စန်းစန်းဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ အခမ်းအနားများတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူးများ)၊ သင်ကြားရေး ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားပြီး ဝန်ထမ်းများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မြန်မာအလုပ်သမားများ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ကော့သောင်းနယ်စပ်ဂိတ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ကော့သောင်း ဇူလိုင် ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MOU စနစ်ဖြင့် မြန်မာအလုပ်သမားများ စေလွှတ်ရေးလုပ်ငန်းစဉ်အရ ယမန်နေ့မွန်းလွဲပိုင်းက ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမား အမျိုးသား ၆၉ ဦး၊ အမျိုးသမီး ၂၂ ဦး စုစုပေါင်း ၉၁ ဦး ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများအား ပြည်ပအလုပ်အကိုင်အကျိုးဆောင်(ထိုင်း)လိုင်စင်ရအေဂျင်စီတစ်ခုဖြစ်သည့် Yellow Dawn Services Co,Ltd မှ ထိုင်းနိုင်ငံရှိ Tat Win Co,Ltd နှင့် Dipped Products(Thailand) Co,Ltd တို့သို့ နှစ် နှစ်စာချုပ်ဖြင့် အလုပ်လုပ်ကိုင်နိုင်ရန် တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ကာ ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ခေါ်ယူခဲ့ပြီး ကော့သောင်း အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်ရာ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအား ကော့သောင်းခရိုင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းခရိုင်ရုံးနှင့် တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပေးခဲ့ကြပြီး အလုပ်အကိုင်ကုမ္ပဏီတာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ အလုပ်လုပ်ကိုင်မည့်ကုမ္ပဏီသို့ စနစ်တကျပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၃) နှင့် စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ် (၁၀၀) သင်တန်းဆင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၃)နှင့် စာရေးဝန်ထမ်းအခြေခံ သင်တန်းအမှတ်စဉ် (၁၀၀) တို့၏ သင်တန်းဆင်းအခမ်းအနားများကို ယနေ့ နံနက် ၇ နာရီခွဲတွင် တက္ကသိုလ်စစ်ရေးပြကွင်း၌ တစ်ပေါင်းတည်းကျင်းပသည်။





အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေ၊ အဖွဲ့ဝင် သူရ ဦးဘိုနီ၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေက သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အနေဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တဟူသော စွမ်းရည်သုံးရပ်ဖွံ့ဖြိုးတိုးတက်ပြီး အဂတိတရားကင်းစင်၍ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ ကောင်းမွန်သည့် ပြည်သူ့ဝန်ထမ်းများဖြစ်စေရေးနှင့် နိုင်ငံတော်ကမျှော်မှန်းသည့် ကောင်းမွန်သည့် အုပ်ချုပ်ရေး၊ သန့်ရှင်းသည့် အစိုးရဖြစ်ထွန်းရန် ပြည်သူ့ဝန်ထမ်းများ၏ ရင့်ကျက်မှု၊ အတွေ့အကြုံရှိမှု၊ အရည်အသွေးပြည့်ဝမှုများကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်ရန်၊ လူတော်များက လူကောင်းဖြစ်လာစေရန်၊ ပြည်သူ့ဝန်ကိုထမ်းမည့် ပြည်သူများ၏ လိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းဝန်ဆောင်မှုပေးမည့် သူများဖြစ်လာစေရန်နှင့် နိုင်ငံရေးပါတီများနှင့်ကင်းရှင်းပြီး တိုင်းပြည်နှင့် လူမျိုးအကျိုးရှေးရှု၍ တာဝန်ကျေပွန်သော ဂုဏ်သိက္ခာကျင့်ဝတ်မြင့်မားသော နိုင်ငံ့ဝန်ထမ်းများဖြစ်စေရေး ဦးတည်လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။

ထို့အပြင် ကာကွယ်ရေးပညာဌာနမှလည်း အခြေခံစစ်ပညာဘာသာရပ်ကို သင်ကြားပေးခြင်းဖြင့် အခြေခံစစ်ပညာ၏ စံတန်ဖိုးများဖြစ်သည့် စည်းကမ်းကောင်းမွန်ခြင်း၊ အမိန့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်တတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်တတ်ခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်း၊ အဆင့်ဆင့်ကွပ်ကဲဆောင်ရွက်တတ်ခြင်း၊ မိမိကိုယ်ကိုယ် ယုံကြည်မှုရှိခြင်း၊ အချိန်ကိုစီမံခန့်ခွဲနိုင်ခြင်း စသည့် အလေ့အကျင့်ကောင်းများရရှိပြီး ကာကွယ်ရေးအသိအမြင်ပိုမိုရရှိကာ နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်သည့်အချိန်တွင် အသုံးချနိုင်စွမ်းရှိသည်အထိ ဆက်လက် လေ့ကျင့်သွားကြရန် မှာကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် အနာဂတ်နိုင်ငံတော်၏ အဓိကစွမ်းအားစုသည် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည်နှင့်အညီ ပေးအပ်သည့်တာဝန်များကို ဦးလည်မသုန်ကျေပွန်အောင် ထမ်းဆောင်ကြရန်၊ အဂတိတရားကင်းစင်၍ အုပ်ချုပ်ရေး၊ လုပ်ငန်းစွမ်းဆောင်ရည်၊ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ ကောင်းမွန်ပြီး လုပ်ငန်းတာဝန်များကို ရိုးသားကြိုးစားထမ်းဆောင်ကြရန်၊ မိမိအလုပ်ကို ချစ်မြတ်နိုးတန်ဖိုးထားပြီး နိုင်ငံနှင့်ပြည်သူ့အကျိုးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု အပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြသော နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဝန်ထမ်းများအဖြစ် ရပ်တည်ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် သင်တန်းများတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ပြီး **(အပေါ်ပုံ)** သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါ အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၃) သို့ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သင်တန်းသား ၁၂၇ ဦး၊ သင်တန်းသူ ၁၁၉ ဦး စုစုပေါင်း ၂၄၆ ဦးနှင့် စာရေးဝန်ထမ်းအခြေခံသင်တန်းအမှတ်စဉ် (၁၀၀) သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၈၂ ဦး၊ သင်တန်းသူ ၂၇၆ ဦး စုစုပေါင်း ၄၅၈ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မေ ၁၆ ရက်မှ ဇူလိုင် ၂၂ အထိ ရက်သတ္တ (၁၀) ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့် အိမ်ထောင်စုများကို စားသောက်ဖွယ်ရာများထောက်ပံ့၊ မြေသားများပျော့ကာ အုတ်တံတိုင်းပြိုကျမှုအား ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း ယနေ့နံနက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လှိုင်မြစ်ရေ မြင့်တက်လာပြီး တိုးချဲ့(၃)ရပ်ကွက်အတွင်း ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ရာ ရပ်ကွက်အတွင်းရှိ နေအိမ် ၂၀ ရေများ လေးပေခန့် ဝင်ရောက်ခဲ့သည်။



အဆိုပါ ရေဝင်ရောက်မှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်နေပြည်သူများကို မှော်ဘီတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ် မင်းမင်းစိုးနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ သွားရောက်ထောက်ပံ့ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တွင်း ယနေ့ နံနက် ၉ နာရီခန့်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက်ရှိ အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်း၏ အုတ်တံတိုင်း အောက်ခြေမြေသားများ ပျော့ကာ ကျောင်းဝင်းအနီးရှိ လက်ဖက်ရည်ဆိုင်ပေါ်သို့ ပြိုကျခဲ့သဖြင့် ဆိုင်ပိုင်ရှင်အပါအဝင် အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး သုံးဦး သေဆုံးခဲ့ပြီး အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

အဆိုပါ အုတ်တံတိုင်းပြိုကျမှုနေရာသို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည့်ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဇေယျာသီရိမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးမှုသရုပ်ပြပွဲကျင်းပ

**ဇေယျာသီရိ ဇူလိုင် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးမှုသရုပ်ပြပွဲကို ခေတ်အေးကျေးရွာအုပ်စု တောင်သူဦးလှိုင်မင်း၏ စပါးစိုက်ခင်း၌ကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း တက်ရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ ရေရှည်တည်တံ့သော လယ်ယာထုတ်ကုန်စနစ်တစ်ခု ဖြစ်ပေါ်နိုင်ရေးအတွက် တောင်သူများအနေဖြင့် စက်ကိရိယာအသုံးပြုပြီး ထွန်ယက်စိုက်ပျိုးခြင်းဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာသည့်အပြင် အချိန်မီစိုက်ပျိုးနိုင်ပြီး ဒုတိယသီးနှံ၊ တတိယသီးနှံများကို စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ယခုလို စပါးသီးနှံကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနိုင်သလို ပြောင်း၊ နှမ်း၊ နေကြာ စသည့်သီးနှံများကို ယင်းစက်ကိရိယာအသုံးပြု၍ စိုက်ပျိုးသွားနိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် တောင်သူများ၏ တင်ပြတောင်းခံမှုများကို ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေးနှင့်ပတ်သက်သည့် လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် e-ID စနစ်ဖြင့် နိုင်(၄)၊ ပုံစံ ၆၆/၆ ရေးသွင်းခြင်းအား ကြည့်ရှုစစ်ဆေး

**ဘားအံ ဇူလိုင် ၂၂**

ကရင်ပြည်နယ်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူတိုင်း နိုင်ငံသားကတ် ကိုင်ဆောင်မဲပေးနိုင်ရေးနှင့် မဲစာရင်း မှန်ကန်ရေးတို့အတွက် e-ID စနစ်ကို အသုံးပြု၍ နိုင်ငံသားကတ်ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် နိုင်(၄)၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ တို့ကို ကွန်ပျူတာအတွင်းရေးသွင်းခြင်းကို ဘားအံမြို့ ကရင်ပြည်နယ်လွှတ်တော်ရုံးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးရုံးတို့တွင် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီခွဲက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

ထိုသို့ e-ID စနစ်ဖြင့် ရေးသွင်းခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူအင်အားဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများရှိ ကွန်ပျူတာကျွမ်းကျင်ဝန်ထမ်းများက ပြည်နယ်လွှတ်တော်ရုံးခန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးရုံးတို့တွင် နှစ်နေရာခွဲ၍ ဇူလိုင် ၁၈ ရက်မှ စတင်ဆောင်ရွက်နေခြင်းဖြစ်ပြီး သတ်မှတ်ကာလ နှစ်လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် e-ID စနစ်ဖြင့် နိုင်(၄)၊ ပုံစံ ၆၆/၆ ရေးသွင်းခြင်းအား ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်မီးနှင့် အင်တာနက်လိုင်းများ ပြတ်တောက်မှုမရှိစေရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် လိုအပ်သည်များ မှာကြားကာ ပြည်နယ်ဝန်ကြီးချုပ်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းများအတွက် ငွေကျပ် သုံးသိန်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကန်သာယာဦးပေါက်တံတားၐ ယာဉ်ရပ်နားရာနေရာ ဆောင်ရွက်နိုင်ရေးနှင့် ဘားအံ-လှိုင်းဘွဲ့လမ်းမကြီး မဲဘောင်လမ်းပိုင်း၌ လမ်းဘေးဝဲယာရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူ၊ အင်ဂျင်နီယာမှူးကြီး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၀၇/၂၀၂၁)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၀၇) ရဲသီဟတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိ လေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်က ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူကာ သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုသည်။ ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အကောင်းဆုံး ကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း သူရဇော်၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖြိုးဝေလင်း၊ လေ့ကျင့်ရေး ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း သူရဇော်၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ထက်နိုင်လင်း၊ အင်္ဂလိပ်စာ ဘာသာရပ် ထူးချွန်ဆုရ ဒုတိယ ရဲအုပ်လောင်း ရဲရင့်နိုင်တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။



ထို့နောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်က အမှာစကား ပြောကြားရာတွင် သင်တန်းဆင်း ဒုတိယ ရဲအုပ်လောင်းများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမည့် အရာရှိများ ဖြစ်သောကြောင့် ခေါင်းဆောင်မှု အရည်အသွေး၊ စောင့်စည်းရမည့် ကျင့်ဝတ်သိက္ခာ၊ ထားရှိရမည့် ရည်မှန်းချက်များကို ကောင်းစွာ သိရှိနားလည်ပြီး တိုးတက်ပြောင်းလဲနေသည့် မျက်မှောက်ခေတ်ကာလတွင် ပြည်သူများ ဘဝ အေးချမ်းသာယာဖွံ့ဖြိုး တိုးတက်စေရန်အတွက် ပြည်တွင်း လုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဆိုသည့် ရည်မှန်းချက် တာဝန် (၄) ရပ်ကို အလေးထား အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် တရားဥပဒေစိုးမိုးရေးသည် အဓိကကျသောကြောင့် မှုခင်းကျဆင်းရေးအတွက် ပြည်သူလူထုအတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းအသိပညာပေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း၊ ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်မှုများကို ထိရောက်စွာ ဆောင်ရွက်ခြင်း၊ ဖြစ်ပေါ်လာသည့် ပြစ်မှုများကို လုံ့လစိုက်ပြီး ပေါ်ပေါက်အောင် စုံစမ်းဖော်ထုတ် တရားစွဲတင်ခြင်း စသည့်လုပ်ငန်းစဉ်များအား မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ်မှတ်ယူကာ ဆက်လက် အလေးထား ဆောင်ရွက်သွားရန်နှင့် ရဲတပ်ဖွဲ့နှင့်ပြည်သူ တစ်သားတည်း ဖြစ်နေစေရန်အတွက် ပြည်သူ့လိုအပ်ချက်ကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်သည်များကို စေတနာနှင့် ဆောင်ရွက်ပေးပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင်လည်း စိတ်အားထက်သန်စွာဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းဖြစ်သည်နှင့်အညီ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို စောင့်ထိန်းလိုက်နာပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို အောင်မြင်အောင် မိမိတို့ကျရာကဏ္ဍအလိုက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။


အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၏ဇနီး၊ ဒုတိယရဲချုပ်(၂)(လုံခြုံ/မှုခင်း) ရဲဗိုလ်ချုပ် အောင်နိုင်သူ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၀၇) ရဲသီဟတပ်ခွဲတွင် တပ်တွင်းဘွဲ့ရ အမျိုးသား ၃၃၀ ၊ အကျဉ်းဦးစီးဌာနမှ လက်ထောက် ကြီးကြပ်ရေးမှူး အဆင့် (၁) အမျိုးသား ၁၀ ဦး၊ စုစုပေါင်း ၃၄၀ တို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားနိုင်ငံဗဟိုဘဏ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့အကြား ဘဏ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဒုတိယအကြိမ်အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

**ရုရှားနိုင်ငံဗဟိုဘဏ်နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့အကြား ဘဏ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အဆင့်မြင့်အရာထမ်းများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များမှ အဆင့်မြင့်တာဝန်ရှိသူများ၊ ရုရှားနိုင်ငံဗဟိုဘဏ်နှင့် ရုရှားနိုင်ငံဘဏ်များမှ အဆင့်မြင့်အရာထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ရုရှားနိုင်ငံဗဟိုဘဏ် International Cooperation Department ၏ Director ဖြစ်သူ Mr. Andrey Lipin က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံဘဏ်များအကြား စာရင်းဖွင့်လှစ်မှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ VTB Bank ၊ Credit Bank of Moscow နှင့် PROMSVYAZBANK တို့မှ ကိုယ်စားလှယ်များက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံဗဟိုဘဏ်များမှ Financial Messaging System of the Bank of Russia (SPFS) အတွက် Infrastructure/Network လိုအပ်ချက်များ၊ Accounts ဖွင့်လှစ်မှုနှင့် စပ်လျဉ်း၍ မြန်မာဘဏ်များက သိလိုသည့်အချက်များနှင့် SPFS ဖြင့် ဆောင်ရွက်ပါက ပြည်တွင်းသုံးငွေကြေးဖြင့်သာမက နိုင်ငံခြားငွေဖြင့် စာရင်းဖွင့်လှစ်နိုင်မှုတို့ကို အပြန်အလှန် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းများပြုလုပ်၍ အတွေ့အကြုံ အသိအမြင်များ ဖလှယ်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် ရုရှားနိုင်ငံ ဗဟိုဘဏ်မှ Director Mr. Andrey Lipin တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့အတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေ

မောင်သိက္ခာ(မန်းတက္ကသိုလ်)

**အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာကြုံရတတ်သော လူ့ဘောင်လောကတွင် မည်သူမဆို အမှုအခင်းကိစ္စ ကြုံတွေ့လေ့ရှိကြမြဲဖြစ်သည်။ ထိုသို့ကြုံတွေ့ကြချိန် ကျွမ်းကျင်သောဘာသာရပ်မဟုတ်သဖြင့် ရှေ့နေရှေ့ရပ်များကို အားကိုးတကြီး ငှားရမ်းရင်ဆိုင်ကြရသည်။ သို့သော် အချို့သောဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ အထူးပြုစုစောင့်ရှောက်ရန် လိုအပ်နေသူများ၊ မသန်စွမ်းသူ၊ ခုခံအားကျဆင်းမှုရောဂါ သို့မဟုတ် အခြားကူးစက်မြန်ရောဂါခံစားနေရသူများအနေဖြင့် ရှေ့နေရှေ့ရပ်ငှားရမ်းရန် ခက်ခဲကြရသည်။**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ တွင် **"နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရပိုင်ခွင့်ပေးရမည်"** ဟု ပြဋ္ဌာန်းထားရှိရာ ယင်းပြဋ္ဌာန်းချက်နှင့်အညီ အထက်ဖော်ပြပါ ဥပဒေဆိုင်ရာ အထောက်အကူ လိုအပ်နေသူများအတွက် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် "ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၀" အဖြစ် စတင် ပြဋ္ဌာန်းခဲ့ပါသည်။

> ❖ **"ဥပဒေဆိုင်ရာအထောက်အကူ ဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူ တောင်းပိုင်ခွင့်ရှိသူများအား ဤဥပဒေနှင့်အညီ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းတို့ကို ဆိုလိုကြောင်း" အဓိပ္ပာယ်ဖွင့်ဆိုထားသည်**

### ပြဋ္ဌာန်းချက် အချို့အား ပြင်ဆင်ခြင်း ပယ်ဖျက်ခြင်း

တစ်ဖန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၁၉/၂၀၂၂ ဖြင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေတွင် အခန်း ၁၄ ခန်း ပါရှိပြီး ပုဒ်မ ၄၈ ခုပါရှိသည်။ ယင်းတို့အနက် ခေတ်ကာလနှင့် မကိုက်ညီတော့သော ပြဋ္ဌာန်းချက် အချို့အား ပြင်ဆင်ခြင်း ပယ်ဖျက်ခြင်းတို့ကို ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ဤဥပဒေ၏ မူလရည်ရွယ်ချက်ကမူ ပြောင်းလဲခြင်းမရှိပါ။

ဤဥပဒေ အခန်း (၁) တွင် ဥပဒေဆိုင်ရာ အထောက်အကူဆိုသည်မှာ အဘယ်ကိုဆိုလိုကြောင်း ဖော်ပြထားရာ**"ဥပဒေဆိုင်ရာအထောက်အကူ** ဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူ တောင်းပိုင်ခွင့်ရှိသူများအား ဤဥပဒေနှင့်အညီ ရှေ့နေ ငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းတို့ကို ဆိုလိုကြောင်း" အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ယင်းပုဒ်မ ၁ ပါ ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများသည် မည်သူတို့ဖြစ်သည်ကို ပုဒ်မ ၂ တွင် **"ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူ** ဆိုသည်မှာ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ အထူးပြုစုစောင့်ရှောက်ရန် လိုအပ်နေသူများ၊ မသန်စွမ်းသူ၊ ခုခံအားကျဆင်းမှု ရောဂါ သို့မဟုတ် အခြားကူးစက်မြန်ရောဂါခံစားနေရသူများကို ဆိုလိုကြောင်း" ဆက်လက်အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရမည်ဖြစ်သည်။

### ပြင်ဆင်ချက် ပယ်ဖျက်ချက်များ

ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ၏ ရည်ရွယ်ချက်များကို အခန်း (၂) ပုဒ်မ ၃ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်။

(က) ဥပဒေဆိုင်ရာ အထောက်အကူပေးရာတွင် ဥပဒေအရာ၌ မျှတမှုနှင့် တန်းတူညီမျှ အခွင့်အရေးများ ရရှိစေရန်၊

( ခ ) ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကို ဆောင်ရွက်ရာ၌ ထိရောက်သည့် ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန်၊ (ပြင်ဆင်)

( ဂ ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများကို အများပြည်သူ သိရှိနားလည် ကျင့်သုံးလာစေရေးအတွက် ပညာပေးဆွေးနွေးမှုများဆောင်ရွက်နိုင်ရန်၊

(ဃ) ပြစ်မှုဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှု ရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှုနှင့် တရားဥပဒေအပေါ် ယုံကြည်မှု ပိုမိုမြင့်မားလာစေရန်၊

( င ) (ပယ်ဖျက်)

( စ ) အမှုများကို မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်နိုင်ရေးအတွက် အထောက်အကူပြုရန်၊

(ဆ) မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူပြုစေရန် စသည်တို့ ဖြစ်ပါသည်။

> ❍ **ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များ အနေဖြင့်လည်း အခန်း ၁၃ ပုဒ်မ ၃၇(ခ)အရ ဥပဒေဆိုင်ရာ အထောက်အကူပေးသူများက ဥပဒေအထောက်အကူ တောင်းခံသူများထံမှ အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်တစ်စုံတစ်ရာ တောင်းခံခြင်း မရှိစေရန် ကြီးကြပ်ရမည်ဖြစ်ကြောင်း တားမြစ်ပြဋ္ဌာန်းထား**

### လက်ကိုင်ထားရမည့် အခြေခံမူများ

ဆက်လက်၍ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ လက်ကိုင်ထားရမည့် အခြေခံမူများကို အခန်း (၃) ပုဒ်မ ၄ တွင် ချမှတ်ပြဋ္ဌာန်းထားပါသည်။

(က) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် အများပြည်သူက ယုံကြည်စိတ်ချရပြီး စဉ်ဆက်မပြတ် ထိရောက်စွာ အသုံးပြုနိုင်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် စနစ် ဖြစ်ပေါ်စေရေး၊

( ခ ) ပြစ်မှုကျူးလွန်ခြင်းများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူအား ဥပဒေဆိုင်ရာဗဟုသုတတိုးပွားလာစေရန် ပညာပေးရေး၊

( ဂ ) တရားစွဲဆိုခံရသူများနှင့် ပြစ်ဒဏ်ချမှတ်ခြင်းခံနေရသူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊ (ပြင်ဆင်)

(ဃ) (ပယ်ဖျက်)

( င ) (ပယ်ဖျက်)

( စ ) ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများကို လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကိုးကွယ်ယုံကြည်မှု၊ အသက်အရွယ်၊ ကျား မ မခွဲခြားဘဲ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊

(ဆ) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ငန်း အဆင့်ဆင့်တွင် မှန်ကန်မျှတ၍ ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူ ပေးခြင်းကို ဆောလျင်စွာရရှိရေး၊

( ဇ ) ဥပဒေဆိုင်ရာအထောက်အကူပေးသည့် စနစ်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို အများပြည်သူသိရှိစေရေး စသည့်အချက်များကို အခြေခံမူများအဖြစ် ထားရှိပါသည်။

### ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ

ဥပဒေ အထောက်အကူပေးနိုင်ရေးအတွက် ပြည်ထောင်စုအဆင့်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို အခန်း (၄) ပုဒ် ၅ (က)အရ ဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များကို အခန်း (၅) ပုဒ်မ ၈ (က) အရ ပြဋ္ဌာန်းဖွဲ့စည်းခဲ့ပါသည်။ တစ်ဖန် အခန်း(၇) ပုဒ်မ ၁၂ (က) ဖြင့် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကာ ယင်းမြို့နယ်အဖွဲ့များသည် အခန်း(၆) ပုဒ်မ ၁၀ အရ မိမိတို့မြို့နယ်အလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များအဖြစ် ပူးတွဲ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း အပ်နှင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

### ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများ

ဤဥပဒေအခန်း ၉ ပုဒ်မ ၁၇ အရ ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများသည် ဥပဒေဆိုင်ရာ အထောက်အကူရယူလိုပါက သက်ဆိုင်သည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြတောင်းခံနိုင်ပါသည်။ သက်ဆိုင်သည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ပုဒ်မ ၁၇ အရ တင်ပြတောင်းခံချက်ကို လက်ခံရရှိသည့်အခါ ပုဒ်မ ၁၈ (က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက လိုအပ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရန် ဆောင်ရွက်ရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိလျှင် ကျိုးကြောင်းဖော်ပြ၍ ဥပဒေဆိုင်ရာ အထောက်အကူပေးရန် ငြင်းဆိုနိုင်ကြောင်း ပုဒ်မ ၁၈ တွင်ဆက်လက် ပြဋ္ဌာန်းထားသည်။

### ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့အဆင့်ဆင့်ထံ တင်ပြတောင်းခံနိုင်

သို့သော် ယင်းပုဒ်မ ၁၈ (ခ) အရ ငြင်းဆိုခြင်းခံရလျှင် ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများသည်ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့အဆင့်ဆင့်ထံ တင်ပြတောင်းခံနိုင်ပြီး ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပါသည်။

ပြည်သူများအနေဖြင့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် စွဲဆိုခံရခြင်း၊ ပြစ်ဒဏ်ချမှတ်ခံရခြင်းများ ကြုံတွေ့ရပါက ဤဥပဒေနှင့် ညီညွတ်အကျုံးဝင်သူများအနေဖြင့် မိမိတို့ သက်ဆိုင်ရာမြို့နယ်ရှိ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များနှင့် ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြကြောင်း သိရှိနိုင်ရန် ရေးသား တင်ပြရခြင်းလည်းဖြစ်ပါသည်။

### အကျိုးအမြတ်တစ်စုံတစ်ရာ တောင်းခံခြင်းမရှိစေရန် ကြီးကြပ်ရမည်

ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ အနေဖြင့်လည်း အခန်း ၁၃ ပုဒ်မ ၃၇(ခ)အရ ဥပဒေဆိုင်ရာ အထောက်အကူပေးသူများက ဥပဒေအထောက်အကူတောင်းခံသူများထံမှ အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်တစ်စုံတစ်ရာ တောင်းခံခြင်း မရှိစေရန် ကြီးကြပ်ရမည်ဖြစ်ကြောင်း တားမြစ် ပြဋ္ဌာန်းထားခြင်းလည်းရှိပါကြောင်း ထပ်လောင်း တင်ပြလိုက်ရပါသည်။ ။

# စိုက်ပျိုးလုပ်ကိုင်ရန်မဖြစ်ထွန်းသည့် မြေများနှင့် မြေလွတ်၊ မြေရိုင်းများကို လျှောက်ထားလာပါက အမြန်ဆုံးစိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိ

တောင်ကြီး ဇူလိုင် ၂၂

**ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၂)နှင့် ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ် (၅/၂၀၂၂)ကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီခွဲ က တောင်ကြီးမြို့ ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၂)အခမ်းအနားတွင် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပြည်သူများ တင်ပြလာသည့်လုပ်ငန်းများ မြန်မြန်ဆန်ဆန် ဆုံးဖြတ်ပေးနိုင်ရေးအတွက် ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့် နှင့် သက်ဆိုင်ရာဌာနများကလည်း လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားလိုက် စိစစ်ရမည့်အချက်များနှင့် ပါရှိရမည့်အထောက်အထားများကို သေသေချာချာ စိစစ်ဆောင်ရွက်ပေးရန် လိုအပ်သည်ကို အသိပေးပြောကြားလိုကြောင်း၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအနေဖြင့်လည်း ခွင့်ပြုပေးနိုင်သည့်ကိစ္စရပ်များကို အမြန်ဆုံးဆုံးဖြတ်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားရယူခွင့်ပြုပေးသလို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ ဆက်လက်တင်ပြရမည့်ကိစ္စရပ်များကိုလည်း အမြန်ဆုံးထောက်ခံတင်ပြဆောင်ရွက်နေသည့်အကြောင်း အလေးအနက်ထားပြောကြားလိုကြောင်း၊ ပြည်နယ်အတွင်း၌ရှိသည့် စိုက်ပျိုးလုပ်ကိုင်ရန် မဖြစ်ထွန်းသည့် မြေများနှင့် မြေလွတ်၊ မြေရိုင်းများကိုလည်း ပြည်သူများ အမှန်တကယ် အကောင်အထည်ဖော်လိုသည့် လုပ်ငန်းအပေါ်မူတည်ပြီး လျှောက်ထားလာပါက အမြန်ဆုံး စိစစ်ထောက်ခံတင်ပြခြင်း၊ ခွင့်ပြုပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးဆုံးဖြတ်ချက်များကို လယ်ယာမြေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၂) ဆုံးဖြတ်ချက်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၄/၂၀၂၂) ဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုပြီး ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၂)တင်ပြချက်များနှင့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၅/၂၀၂၂) တင်ပြချက်များကို ဆွေးနွေးဆုံးဖြတ်ကြ၍ အထွေထွေဆွေးနွေးကြကာ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# တပ်ကုန်းမြို့နယ်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါ တစ်ဧက ပိဿာ ၁၀၀၀ ထွက်ရှိရေး စံပြစိုက်ခင်း ၅၀ ဒသမ ၀၀ ဧကအတွက် သွင်းအားစုပစ္စည်း (ဓာတ်မြေဩဇာ)ထောက်ပံ့ပေးအပ်

**တပ်ကုန်း ဇူလိုင် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးနှောင်းချည်မျှင်ရှည်ဝါ တစ်ဧက ပိဿာ ၁၀၀၀ ထွက်ရှိရေး စံပြစိုက်ခင်း ၅၀ ဒသမ ၀၀ ဧကရှိတောင်သူများအား သွင်းအားစုပစ္စည်း(ဓာတ်မြေဩဇာ) ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၂၁ ရက်က ရေအေးကျေးရွာအနီး စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ(KC) ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက တောင်သူများအနေဖြင့် ပြည်ပကုန်ပစ္စည်းများသုံးစွဲမှု လျှော့ချနိုင်ရေး၊ ပြည်တွင်းဖြစ် အဝတ်အထည်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ မိုးနှောင်း ချည်မျှင်ရှည်ဝါများ လျာထားကေပြည့်မီအောင် စိုက်ပျိုးရန်၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် နေကြာသီးနှံများကိုလည်း စိုက်ပျိုးရေးပညာရှင်များနှင့် ပူးပေါင်းစိုက်ပျိုးကြရန်၊ တောင်သူများလိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာများကို ပေါင်းစပ်ဖြည့်ဆည်းပေးရန် အသင့်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာဇော်လွင်က ဝါသီးနှံများကို အရေးကြီး ကုန်စည်သီးနှံအဖြစ် တားမြစ်ထားခြင်းနှင့် ဝါစိုက်တောင်သူများ လွတ်လပ်စွာ ရောင်းဝယ်နိုင်ရေး ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းညွန့်က မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ တိုင်းဦးစီးမှူး ဒေါက်တာဇော်လွင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးနိုင်လင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိဦးထွန်းညွန့်တို့က မိုးနှောင်းချည်မျှင်ရှည်ဝါ တစ်ဧက ပိဿာ ၁၀၀၀ ထွက်ရှိရေး စံပြစိုက်ခင်း ၅၀ ဒသမ ၀၀ ဧကစိုက်၊ တောင်သူများ၏ လက်ဝယ်အရောက် သွင်းအားစုပစ္စည်း (ဓာတ်မြေဩဇာ)များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရောက်ရှိပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ တပ်ကုန်းမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ချည်မျှင်ရှည်ဝါ သီးနှံများကို ကျေးရွာအုပ်စု ၂၉ အုပ်စု၊ ကွင်း ၁၂၀ ကွင်း၊ ဧက ၉၇၀၀ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မောင်မွှေး**

## မြန်မာအမျိုးသားလေကြောင်းကို စဉ်ဆက်မပြတ် အားပေးကြသော ခရီးသည်များ လေယာဉ်လက်မှတ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူနိုင်

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာအမျိုးသားလေကြောင်းကို စဉ်ဆက်မပြတ်အားပေးကြသော ခရီးသည်များအတွက် ပြည်တွင်း ပြည်ပ ခရီးစဉ်တွေကို ၁၅ ရာခိုင်နှုန်း- ၂၀ ရာခိုင်နှုန်း Discount ဖြင့် ဝယ်ယူနိုင်မည့် Monsoon Online Travel Fair 2022 ကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။




ထိုကာလအတွင်း ဝယ်ယူသော လေယာဉ်လက်မှတ်များအတွက် ခရီးသွားကာလကို ဇူလိုင် ၂၇ ရက်မှ ၂၀၂၃ ခုနှစ် ဧပြီ ၁၇ ရက်အထိ သတ်မှတ်ပေးထားကာ အောက်တိုဘာ ၂၉ ရက်မတိုင်မီအထိ တစ်ကြိမ် အခမဲ့ရက်ချိန်းနိုင်သည့်အပြင် Travel Fair ကာလပြီးဆုံးချိန်တွင် လက်မှတ်ဝယ်ယူထားသော ခရီးသည်များအနက်မှ ၁၀ ဦးကို ရွေးချယ်ပြီး မိမိကြိုက်နှစ်သက်ရာ ခရီးစဉ်ကို ရွေးချယ်သွားရောက်နိုင်မည့် လေယာဉ်လက်မှတ်များကို မဲဖောက်ပေးသွားမည်ဖြစ်သည်။ ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၁၀ ရက်အတွင်း ပျံသန်းထားသော ပြည်ပခရီးစဉ်၏ အသွားအပြန် Boarding Pass နှစ်စောင်ကို စက်တင်ဘာ ၃၀ ရက်မတိုင်မီ မြန်မာအမျိုးသားလေကြောင်း လက်မှတ်အရောင်းကောင်တာများတွင်ပြသ၍ ပြည်တွင်းခရီးစဉ် One Way ticket အား ၂၀ ရာခိုင်နှုန်း Discount ဖြင့်ဝယ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် လေယာဉ်လက်မှတ်များကို MNA website www.flymna.com၊ Mobile Application၊ MNA Ticketing Counters နှင့် Authorized Travel Agent များတွင် USD နှင့် MMK currency များဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဆီကုန်သည်အသင်းဝင်မှ ကျေးရွာအရောက် စားသုံးဆီဈေးနှုန်းချိုသာစွာရောင်းချပေး

**ဥတ္တရ ဇူလိုင် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ဦးဆောင်မှုဖြင့် တပ်ကုန်းမြို့နယ် ဆီကုန်သည်အသင်းဝင် ဦးတိုးဝင်းသူ၊ ဦးနု+ဒေါ်ကျင်နု (NNN) ကုန်စုံဆီဆိုင်မှ ညောင်လွန့်ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအား မီးဖိုချောင်းသုံး စားသုံးဆီဈေးနှုန်း သက်သာစွာ ဝယ်ယူနိုင်ရေး ယနေ့နံနက် ၉ နာရီက အဆိုပါအုပ်စု ညောင်လွန့်(န) ကျေးရွာ ရွာတွင်းလမ်းအနီး ဒေါ်နှင်း၏ အိမ်ဝိုင်းအတွင်း၌ ရောင်းချပေးသည်။

ထိုသို့ ရောင်းချပေးရာတွင် စားဆီတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် လူတစ်ဦးလျှင် ၅၀ ကျပ်သားနှုန်းဖြင့် ဆီပိဿာ ၄၀၀ ကျော် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျလက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့ စတုတ္ထအကြိမ်အဆင့်မြင့်ညှိနှိုင်းစည်းဝေး



နေပြည်တော် ဇူလိုင် ၂၂

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့၏ စတုတ္ထအကြိမ် အဆင့်မြင့်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။**

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အစည်းအဝေးသို့ အာဆီယံအတွင်းရေးမှူးချုပ်နှင့် AHA Centre အမှုဆောင်ညွှန်ကြားရေးမှူး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre မှ တာဝန်ရှိသူများက Online ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် အာဆီယံအတွင်းရေးမှူးချုပ် Dato Lim Jock Hoi တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး အဖွင့်အမှာစကား ပြောကြားကြသည်။

အစည်းအဝေးပူးတွဲသဘာပတိ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အာဆီယံအတွင်းရေးမှူးချုပ်၏ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုများတွင် အဟန့်အတားများ ရှိခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် ကနဦးလိုအပ်ချက်ဆန်းစစ်လေ့လာမှုပါ အကြံပြုချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် အာဆီယံ Ad-Hoc Support Team တို့ ပူးပေါင်း၍ အဆိုပြုစီမံကိန်းများ ပြင်ဆင်ဖြည့်စွက်ရေးဆွဲခြင်းများကို ညှိနှိုင်းလုပ်ဆောင်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပူးတွဲသဘာပတိ အာဆီယံအတွင်းရေးမှူးချုပ် Dato Lim Jock Hoi က ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးဆိုင်ရာ လုပ်ဆောင်မှုများကို အာဆီယံအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့အစည်းအဝေးတွင် ယခင်ဆောင်ရွက်ထားရှိခဲ့သော ကနဦးလိုအပ်ချက်ဆန်းစစ်လေ့လာမှု (PNA)ပါ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းနယ်ပယ်များအလိုက် ပိုမိုကောင်းမွန်သည့် လုပ်ငန်းများ၊ အကြံပြုချက်များရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။ ထို့နောက် ဝန်ကြီးဌာန/ ဦးစီးဌာနများက အဆိုပြုထားသော စီမံကိန်း ငါးခုကို အတည်ပြုကြသည်။

ယင်းနောက် PNA အရ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သော စီမံကိန်းများ၊ ဆောင်ရွက်ဆဲစီမံကိန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ AHA Centre၊ Ad-Hoc Support Team မှ တာဝန်ရှိသူများက ဦးစားပေးစီမံကိန်းများအလိုက် ဆောင်ရွက်တိုးတက်မှု၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံနှင့် ထပ်မံပူးပေါင်းဆောင်ရွက်ရန် အလားအလာရှိသည့် လုပ်ငန်းနယ်ပယ်အသစ်များနှင့် ဦးစားပေးစီမံချက်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်လက်ခံရေးအတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးပေါင်းဆောင်ရွက်နေမှုကို အသိပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒေသတွင်းစားသုံးဆီဖူလုံရေးအတွက် နေကြာအပါအဝင် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုး




**ပျဉ်းမနား ဇူလိုင် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု အောင်သိဒ္ဓိကျေးရွာတွင် Contract စနစ်ဖြင့် နေကြာမျိုးစေ့ထုတ် ၁၀၉ ဧက စိုက်ပျိုးထားကြသည့် တောင်သူများနှင့် တွေ့ဆုံပွဲ၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ နေကြာမျိုးစေ့ထုတ် စိုက်ခင်း၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အမှာစကား ပြောကြားရာတွင် ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် နေကြာအပါအဝင် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စီမံချက်ချ အကောင်အထည်ဖော် ဆောင်ရွက်နေလျက်ရှိကြောင်း၊ ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ဒေသခံတောင်သူများအားလုံးက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးစေရေးအတွက် စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်စေရေးနှင့် အထွက်နှုန်း ကောင်းမွန်စေရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူမှုပတ်ဝန်းကျင်ကို အကျိုးပြုစေမည့် ထုတ်ကုန်များ ဖန်တီးထုတ်လုပ်နိုင်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ မွေးမြူရေးလုပ်ငန်းများကိုလည်း စီးပွားဖြစ်လုပ်ကိုင်နိုင်သည်အထိ ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းလင်းက Contract စနစ်ဖြင့် နေကြာမျိုးစေ့ထုတ် စိုက်ပျိုးဆောင်ရွက်နေမှု အခြေအနေများနှင့် ဆောင်းသီးနှံ မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နှမ်း၊ ပဲတီစိမ်း၊ မတ်ပဲ မျိုးကောင်းမျိုးသန့်များအား နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးဝေဖြိုးနိုင်တို့က ဒေသခံတောင်သူများထံ အသီးသီးပေးအပ်ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေသခံတောင်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးပေးကြပြီး နေကြာမျိုးစေ့ထုတ် စိုက်ခင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု အောင်သိဒ္ဓိကျေးရွာတွင် ဒေသခံတောင်သူ ၂၅ ဦးတို့က Contract စနစ်ဖြင့် နေကြာမျိုးစေ့ထုတ် ၁၀၉ ဧက စိုက်ပျိုးထားခြင်း ဖြစ်ကြောင်း သိရသည်။

ဇော်မင်းလွင်
(ပြန်/ဆက်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၂၂**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဖျာပုံမြို့တွင် ၈ ဒသမ ၁၅ လက်မ၊ ဘိုကလေးမြို့တွင် ၇ ဒသမ ၄၅ လက်မ၊ ရေးမြို့တွင် ၆ ဒသမ ၄၂ လက်မ၊ လောင်းလုံးမြို့တွင် ၆ ဒသမ ၃၈ လက်မ၊ မော်လမြိုင်ကျွန်းမြို့တွင် ၆ ဒသမ ၂၆ လက်မ၊ ထားဝယ်မြို့တွင် ၆ ဒသမ ၁၀ လက်မ၊ ကျိုက်လတ်မြို့တွင် ၆ ဒသမ ၀၀ လက်မ၊ မှော်ဘီ(စိုက်ပျိုးရေး မိုးလေဝသ)တွင် ၅ ဒသမ ၈၃ လက်မ၊ မော်လိုက်မြို့တွင် ၅ ဒသမ ၆၃ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၅ ဒသမ ၅၅ လက်မ၊ ဝါးခယ်မမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၆၅ လက်မ၊ သာပေါင်းမြို့တွင် ၄ ဒသမ ၄၁ လက်မ၊ ညောင်တုန်းမြို့တွင် ၄ ဒသမ ၂၅ လက်မတို့ဖြစ်ကြသည်။

မိုး/ဇလ

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တနင်္သာရီမြို့နယ်ရှိ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)များကို Data base သို့ စာရင်းသွင်းနေမှု ကြည့်ရှု

**တနင်္သာရီ ဇူလိုင် ၂၂**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက တနင်္သာရီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမအတွင်း အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) များကို Software Program ဖြင့် Data base သို့ စာရင်းထည့်သွင်းနေမှုကို ကြည့်ရှုအားပေးပြီး သတ်မှတ်ကာလနစ်လအတွင်း ပြီးစီးနိုင်ရေးနှင့် နိုင်(၄)မှတ်တမ်းများ မှန်/မမှန်ပြန်လည်စစ်ဆေးရန် လမ်းညွှန်မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

လူဦးရေစာရင်းများ တိကျမှန်ကန်နိုင်ရေးနှင့် မကြာမီကျင်းပမည့် ရွေးကောက်ပွဲတွင် တိကျမှန်ကန်သော မဲစာရင်းများ ရရှိစေရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ပါ အချက်အလက်များကို Software Program ဖြင့် နည်းပညာအသုံးပြု၍ Data base သို့ တိုက်ရိုက်စာရင်းထည့်သွင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တနင်္သာရီမြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

တနင်္သာရီမြို့နယ်တွင် ထုတ်ပေးထားပြီးဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) အရေအတွက်မှာ ၁၆၀၀၀ ကျော်ရှိပြီး မြို့နယ်ဦးစီးမှူး ဦးမြင့်ကြွယ်က ကြီးကြပ်၍ ကွန်ပျူတာကျွမ်းကျင်ဝန်ထမ်းများနှင့် Software Program ဖြင့် စာရင်းထည့်သွင်းခြင်းလုပ်ငန်းကို သတ်မှတ်ကာလ နှစ်လအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်ဆက်)**




# မုန်တိုင်းဘေးအန္တရာယ်သင်္ကေတနှင့် ဗာတ်တိုက်လေ့ကျင့်မှု သံတွဲ၌ ဆောင်ရွက်

**သံတွဲ ဇူလိုင် ၂၂**

သံတွဲခရိုင်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ကြီးကြပ်မှုဖြင့် သံတွဲမြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီက ကြီးမှူးကျင်းပသည့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မုန်တိုင်းဘေးအန္တရာယ် သင်္ကေတနှင့် ဗာတ်တိုက်လေ့ကျင့်မှုကို ယနေ့နံနက် ၈နာရီက ငပလီမြို့ ဂျိတ္တောရပ်ကွက် ကမ်းခြေတွင် ပြုလုပ်သည်။

ရှေးဦးစွာ သံတွဲခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနက ပြည်သူလူထုအား မုန်တိုင်းဘေးအန္တရာယ် သင်္ကေတနှင့် ဗာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်မည့်အစီအစဉ်များနှင့် မုန်တိုင်းဘေးအန္တရာယ် အရောင်အဆင့်ဆင့် သတ်မှတ်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက ထုတ်ပြန်လျက်ရှိသည့် မုန်တိုင်းဘေးအန္တရာယ် အရောင်အဆင့်ဆင့် ပြောင်းလဲမှုကို အသံချဲ့စက်များဖြင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက ပြည်သူများအား အသိပေးနိုးဆော်ပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်စေကာ အနီရောင်အဆင့် ပြောင်းလဲရောက်ရှိလာပြီဖြစ်သဖြင့် ဘေးလွတ်ရာကြိုတင်ကယ်ဆယ်ရေးစခန်းစုရပ်များသို့ ပြောင်းရွှေ့ပေးနေမှုတို့ကို ဗာတ်တိုက်လေ့ကျင့်ပြီး (ဝဲပုံ) မုန်တိုင်း အညိုရောင်အဆင့်တွင် ဘေးလွတ်ရာ စုရပ်နေရာများ၌ သံတွဲခရိုင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမျိုးချစ်က ပြည်သူများအား မုန်တိုင်းဘေးအန္တရာယ် သင်္ကေတနှင့် ဗာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ပြည်သူများအား မုန်တိုင်းဘေးအန္တရာယ်အတွက် ဆောင်ရန် ရှောင်ရန်များကို အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ဆက်လက်၍ သံတွဲမြို့နယ် မီးသတ်တပ်ဖွဲ့၊ ခရိုင်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မုန်တိုင်းမကျရောက်မီ စာနယ်ရိက္ခာများ၊ အရေးကြီးစာရွက်စာတမ်းများ၊ အိုးအိမ်နှင့် ငါးဖမ်းပိုက်လှေများ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ကြိုတင်ထိန်းသိမ်း ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် မုန်တိုင်းအပြီး မြေပြင်/ရေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို လက်တွေ့သရုပ်ပြ ဗာတ်တိုက် လေ့ကျင့်မှုများ ဆောင်ရွက်သည်။

အဆိုပါ မုန်တိုင်းဘေးအန္တရာယ် သင်္ကေတနှင့် ဗာတ်တိုက်လေ့ကျင့်မှုများကို အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ်ကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးသည်။

**ခရိုင်(ပြန်/ဆက်)**

# ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲများ ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၂၂**

၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရှိ၌ ကျင်းပသည်။

ပိုက်ကျော်ခြင်း(အမျိုးသား) အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ နေပြည်တော်စည်ပင်အသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ နေပြည်တော်ကောင်စီအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိသည်။

အဆိုပါ ပြိုင်ပွဲကို ဇူလိုင် ၂၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရှိ၌ နေ့စဉ်နံနက် ၉ နာရီမှစတင်၍ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

# တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပွဲများ ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၂၂**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၉) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းအမှတ်(၁) နှင့်(၃) ၌ ညနေ ၃ နာရီခွဲတွင် ဆက်လက်ကျင်းပလျက်ရှိသည်။

**တစ်ဖက်တစ်ဂိုးစီသရေဖြစ်ခဲ့**

ယနေ့ပထမအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း ကွင်းအမှတ်(၁)၌ မန္တလေးတိုင်းဒေသကြီး အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို တစ်ဂိုး-ဂိုး(မရှိ)ဖြင့် အနိုင်ရပြီး ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း အမှတ်(၃)၌ ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

ပထမအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ်အဖြစ် ဇူလိုင် ၂၃ ရက် ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းအမှတ် (၁)၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်းအမှတ် (၃)၌ ကချင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ရာ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**



# အင်ကြင်းကြာအုံ ရင်ခုန်တဲ့မြို့

**ကောင်းအောင်**

**နာမည်ကြားရုံဖြင့် ရင်ခုန်စေသော မြို့နေရာဌာနများတွင် မန္တလေးသည် ထိပ်ဆုံးကပါသည်။ မန္တလေးဟု ကြားလိုက်ရသည်နှင့် ယဉ်ကျေးမှုအဆင်တန်ဆာများ၊ မေ့လို့မရသည့် ခမ်းနားသော ရာဇဝင်များကြောင့် ရင်ထဲတွင် အေးခနဲ၊ နွေးခနဲ ခံစားလိုက်မိသည်ချည်းပင်။ သာယာဝတီမင်း၏ သားအလတ် မင်းတုန်းမင်းက ၁၈၅၇ ခုနှစ်တွင် မန္တလေးမြို့သစ်ကို အုတ်မြစ်ချခဲ့သည်။ ထိုအချိန်သည် မြန်မာသက္ကရာဇ် ၁၂၂၁ ဖြစ်သောကြောင့် အုတ်ကျစ်ကျော်အေး မန္တလေး၊ အောင်ကျော်ချမ်းအေး မန္တလေး၊ အင်ကြင်းကြာအုံရတနာပုံဟူ၍ စကားကြွယ်သော၊ အနုပညာရည်ဝသော မန္တလေးသားများက နှစ်လိုဖွယ်ကောင်းပြီး ဘယ်တော့မှ မေ့မသွားရလေအောင် အမျိုးမျိုး ခေါ်ဝေါ်သတ်မှတ်ခဲ့ကြသည်။**

မြို့မန္တလေးသည် စီးပွားရေးမြို့တော် ရန်ကုန်မြို့မှ ၃၈၅ မိုင် ကွာဝေး၍ ဧရာဝတီမြစ်၏ အရှေ့ဘက်တွင် တည်ရှိသည်။ ကုန်းဘောင်မင်းဆက် မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းနေပြည်တော် ဖြစ်ခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးတိုင်းဒေသကြီးနှင့် မန္တလေးခရိုင်တို့၏ ရုံးစိုက်မြို့ဖြစ်သည်။ ရန်ကုန်မြို့ပြီးနောက် ဒုတိယအကြီးဆုံးသောမြို့လည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အလယ်ဗဟိုတွင် တည်ရှိသကဲ့သို့ပင် မြန်မာ့ယဉ်ကျေးမှုတို့ စုဝေးရာဒေသလည်းဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် ကူးသန်းသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးတို့အတွက် အချက်အချာကျသည်။

**မန္တလေးမြို့သမိုင်း**

မန္တလေးမြို့သည် ခေတ်သုံးခေတ်ပြောင်းခဲ့သော်လည်း ထင်ရှားလျက်ပင် ရှိပေသေးသည်။ နှစ် ၁၀၀ အတောအတွင်းဝယ် မန္တလေးမြို့တွင် ဒုတိယကမ္ဘာစစ်ဒဏ်၊ မီးဘေးအန္တရာယ်များကို ခံရသောကြောင့် အပျက်အစီးရှိခဲ့သော်လည်း အသစ်ပြန်လည်ပျိုးထောင်နိုင်ခဲ့သည်။ မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ နောက်ဆုံး မင်းနေပြည်တော် ဖြစ်ခဲ့သည့်အလျောက် ယဉ်ကျေးမှုအမွေအနှစ်များ အများအပြား ကျန်ရစ်ခဲ့သည်။ ကျုံးနှင့်မြို့ရိုးကာရံထားသော မန္တလေးနန်းတော်ကြီးသည် ကုန်းဘောင်မင်းဆက်၏ဘုရင်များ စိုးစံခဲ့သောနေရာဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးကြဲခြင်း အကြိမ်ကြိမ်ခံခဲ့ရပြီး ပျက်စီးခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည်ပြုပြင်၍ မြနန်းစံကျော် ရွှေနန်းတော်ကြီးကို ပြန်လည်တည်ဆောက်ခဲ့သည်။

ယခင်က ရတနာပုံဟု အမည်တွင်ခဲ့သော်လည်း နောင်အခါ မန္တလေးတောင်ကို အစွဲပြု၍ မန္တလေးဟု ပြောင်းလဲခေါ်ခဲ့ကြသည်။ မန္တလေးဟူသောအမည်ကို တချို့က ရှေးပုဂံခေတ်က မင်းရှင်စော မင်းကလေးမှီခိုနေသွားသောတောင်ဖြစ်သောကြောင့်မင်းကလေးတောင်ဟု ခေါ်ခဲ့ရာမှ နောင်အခါ မန္တလေးတောင်ဟု ဖြစ်သွားပြီး ထိုအနီးအနားပတ်ဝန်းကျင်အရပ်တွင် မြို့တည်သောအခါ မန္တလေးမြို့ဟု ဖြစ်ပေါ်လာသည်ဟု ပါးစပ်ရာဇဝင်လည်းရှိဖူးသည်။ တချို့ကမူ မဏ္ဍာလဟူသောပုဒ်မှ မဏ္ဍာလေး (သို့) မန္တလေးဖြစ်လာသည်ဟု ဆိုကြပြန်သည်။ အဓိပ္ပာယ်မှာ ပျံ့ပျူးသာယာသောနယ်မြေဟု သိရသည်။ တချို့ကတော့ မန္တရေးမှ ပြောင်းလဲဟန်ရှိသည်ဟု ထင်မှတ်ကြသည်လည်းရှိသည်။ အဓိပ္ပာယ်မှာ ကျက်သရေဆောင်သော အရပ်ဟူ၍ဖြစ်သည်။

**မကြားဝံ့မနာသာသတင်းများ**

ပျံ့ပျူးသာယာ၍ ကျက်သရေကိုဆောင်သော ထိုမန္တလေးအရပ်သည် တို့ခေတ်ကိုရောက်မှ ညံ့ကြရလေသည်ဟုပင် စိတ်မကောင်းဖွယ် ပြောဆိုစရာအခြေအနေသို့ ရောက်ခဲ့ပြီလား မဆိုတတ်။ ထစ်ခနဲဆို မန္တလေး၊ စီခနဲဆို မန္တလေး။ မန္တလေးနှင့်ပတ်သက်သော သတင်းများက မကြားဝံ့မနာသာ ဆိုတာလိုချည်း ဖြစ်နေချေသည်။ မန္တလေးမြို့မှာ ညအချိန် လမ်းသွားလမ်းလာ ပြည်သူတွေကို ဓားနဲ့လိုက်ခုတ်နေသတဲ့။ ကားတွေကို အကြောင်းမဲ့ရိုက်ခွဲသတဲ့။ ဆိုင်ကယ်စီးလာတဲ့ ညီအစ်ကိုလူငယ်လေး နှစ်ယောက်ကို လေးခွနဲ့ပစ်၊ ရဲဒင်းနဲ့ လိုက်ခုတ်သတဲ့၊ ဆိုင်ကယ်သမားတွေကလည်း လူတွေကြားမှာ တောင် အတင့်ရဲပြီး လုယက်သတဲ့၊ လမ်းပေါ်မှာ ဓားနဲ့လိုက်ခုတ်တဲ့ ကောင်မလေးနှစ်ဦးကို ဖမ်းမိသတဲ့။ ဟိုမှာဘက် အုပ်ချုပ်သူများလက်ထက်တွင် သတင်းဌာနတစ်ခုက မန္တလေးမြို့မှာ ခြောက်ရက်အတွင်း ဓားခုတ်မှု ၁၀၀ ကျော်ကို ဖမ်းဆီးအရေးယူခဲ့ပြီးအဲဒီထဲမှာ မိန်းကလေး ၁၃ ဦးပါတယ်လို့ သတင်းထုတ်ပြန်သတဲ့ အစရှိသော မန္တလေးသတင်းများက ကျောချမ်းစရာ။

ထို့ကြောင့်ပင် ယခင်ကာလများက မန္တလေးမြို့လယ်ကောင် လူသတ်ပွဲများအပါအဝင် မြို့တွင်းဖြစ်ပွားနေသည့်မှုခင်းများ အဆုံးသတ်စေရန် ဒေသခံ အထင်ကရစာရေးဆရာများဦးဆောင်သည့် “မန္တလေးလူထုလုံခြုံမှုရေးရာ တွေ့ဆုံဆွေးနွေးပွဲ”ကို ပြုလုပ်ရန်စီစဉ်ခဲ့သော်လည်း ခွင့်ပြုချက်မရသဖြင့် ဖျက်သိမ်းခဲ့ဖူးသည့် သတင်းမျိုးကိုလည်း အထူးတလည် ဖတ်ခဲ့ရဖူးသည်။ အရင်က ရင်ခုန်စရာ မန္တလေးက အခုတော့ ရင်တုန်စရာဖြစ်ရချေပြီ။ မန္တလေးကို ခုံမင်မြတ်နိုးတန်ဖိုးထားပြီး ‘ကမ္ဘာ့အကြီးဆုံးစာအုပ်’၊ ‘မန္တလေးသူ မန္တလေးသားများ’၊ ‘ရတနာပုံမန္တလေး၊ မန္တလေး၊ ကျွန်မတို့ မန္တလေး’၊ ‘ကျွန်မတို့မန္တလေးက မန္တလေးတောင်’၊ ‘မန္တလေးမတိုင်ခင်က မန္တလေး၊ ကျွန်မတို့ ငယ်ငယ်တုန်းက မန္တလေး၊ ကျွန်မတို့မန္တလေး’ အစရှိသည့် စာအုပ်များကို အမွန်တမြတ်ပြုစုရေးသားခဲ့သော သွားလေသူ အမေလူထုဒေါ်အမာသာ ယခုနေရှိမည်ဆိုပါက မျက်မှောက်မန္တလေးအတွက် ရင်ကွဲနာကျကာ ဘယ်နှခါပြန်တောင် လဲ၍လဲကာ သေဆုံးမည်လဲ မသိတတ်နိုင်။

မကြားဝံ့မနာသာ မန္တလေးသတင်းတစ်ပုဒ်ကို မေလ ၂၁ ရက်က မကြားချင်ဘဲ ကြားရပြန်ချေပြီ။ “မန္တလေးတွင် ဓားဒဏ်ရာဖြင့် သေဆုံးနေသော သားအမိနှစ်ဦး ရုပ်အလောင်းတွေ့ရှိခဲ့ရ” ဆိုသော သတင်းဖြစ်သည်။ သတင်းတွင် ‘‘မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ ယနေ့ (မေ ၂၁ ရက်) နံနက်က အမျိုးသမီးနှစ်ဦး ဓားထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးခဲ့ကာ ပြစ်မှုကျူးလွန်သူများက ယင်းတို့ ပြုမှုကြောင်း သဲလွန်စကို ချန်ထားခဲ့သည်ဟု နီးစပ်သည့်ဒေသခံများကပြောကြောင်း”သတင်းက ဖော်ပြသည်။ ‘‘သေဆုံးသူများမှာ အသက် ၆၁ နှစ်နှင့် ၃၅ နှစ်အရွယ် အမျိုးသမီးများဖြစ်ပြီး နေအိမ်အတွင်းမှာ လက်ပြန်ကြိုးတုပ်လျက်အနေအထားဖြင့် ယမန်နေ့ညပိုင်းကတည်းက ဓားထိုးအသတ်ခံရခြင်းဖြစ်ကြောင်း၊ အမျိုးသမီးနှစ်ဦးလုံးသည် အနေအေးသည့် အရပ်သားများဖြစ်သည်ဟု ဒေသခံများက ပြောဆိုကြောင်း’’ ရေးထားသည်။ အသတ်ခံရသူများသည် ပြည်ကြီးပျော်ဘွယ် အရှေ့ရပ်ကွက် အကွက်(၂၇၃)တွင် သားအမိနှစ်ဦးတည်း နေထိုင်ပြီး မိခင်ဖြစ်သူ ဒေါ်မြမြမှာ ဝမ်းဗိုက်နှင့် ဘယ်ဘက်ရင်ဘတ်တွင် ထိုးသွင်းဒဏ်ရာ၊ သမီးဖြစ်သူ ဒေါ်ခင်စန်းအေးမှာ ရင်ညွန့်၊ လည်ပင်းအောက်ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ထို့အပြင် ဇွန် ၉ ရက် နံနက် ၄ နာရီကျော်အချိန် ဦးပွားကုန်းကျော်အနီးရှိ လုံးချင်းအိမ်ရာအတွင်းရှိ အိမ်တစ်အိမ်အား မျက်နှာဖုံးစွပ်များဝတ်ထားသည့် လူတစ်စု (ခုနစ်ယောက်ခန့်) သည် ခွေးဘီလူးကားဖြင့် ရောက်လာကာ အိမ်ရှေ့ဘက်ရှိ လုံခြုံရေးဝန်ထမ်းအား ကြိုးတုပ်၍ ပါးစပ်ကိုတိပ်ဖြင့် ပတ်ကာ ခြံဝင်းတံခါးကိုကျော်ပြီး အိမ်ထဲသို့ ဝင်ရောက်ရန် ကြိုးပမ်းသော CCTV ဗီဒီယိုဖိုင် တစ်ခုကို ကြည့်လိုက်ရသည်မှာ ကျောချမ်းစရာဖြစ်သည်။

နောက်ထပ် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် “တော်တော်ဆိုးတဲ့ သူခိုးတွေပါလားဗျာ။ အများပြည်သူအန္တရာယ်ဖြစ်မှာစိုးလို့ (၆၂) လမ်းနဲ့ လမ်း (၂၀) ထောင့်က မြောင်းဖုံးလေးကို ငွေအား၊ လုပ်အားနဲ့ အစားထိုးတပ်ဆင်ခဲ့တာကို မကြာခဏ ခိုးသွားပြန်ပြီ။ ပြန်ရောင်းစားရင်ဘယ်လောက်ရမှာလဲဗျာ။ လူဖြစ်စေ၊ အခန့်မသင့်လို့ ဆိုင်ကယ်၊ ကားဖြစ်စေသာ ကျခဲ့မယ်ဆိုရင် အသက်အန္တရာယ်ပါ ထိခိုက်နိုင်ပါတယ်ဗျာ”ဟု ပရဟိတအဖွဲ့တစ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားမှုကို ကိုးကား၍ ယခုရက်ပိုင်း မန္တလေးမြို့တွင်းလမ်းများပေါ်ရှိ ရေမြောင်းဖုံးများကို လိုက်လံခိုးယူမှုများရှိနေပြီး ယာဉ်ပိုင်ရှင်များအနေဖြင့် သတိပြု၍ မောင်းနှင်သွားလာသင့်ကြောင်း ရေးထားသည့် သတင်းတစ်ပုဒ်ကို လတ်လတ်ဆတ်ဆတ် ဖတ်လိုက်ရသေးသည်။

**မင်းမဲ့စရိုက်ဆန်သော အခြေအနေများ**

အကယ်စင်စစ် ယင်းအခြေအနေများသည် မင်းမဲ့စရိုက်ဆန်သော အခြေအနေများပင်ဖြစ်သည်။ ယင်းကဲ့သို့သော မင်းမဲ့စရိုက်ဝါဒမျိုးကို အမြန်ဆုံး နှိမ်နင်းထိန်းအုပ်ရမည်ဖြစ်သည်။ မင်းမဲ့စရိုက် (Anarchy) ဆိုသော ဝေါဟာရသည် ဂရိမှ ဆင်းသက်လာပြီး အုပ်ချုပ်သူမဲ့ခြင်းဟု အဓိပ္ပာယ်ရသည်။ ယင်းဝါဒသည် ပြင်သစ်တော်လှန်ရေးကာလကပင် ရှိခဲ့ပြီး ယဉ်ကျေးသောအနေအထား ပျက်ပြားခြင်းကို ဖော်ဆောင်သည်။ အရပ်စကားအနေဖြင့်မူ မင်းမဲ့စရိုက်အား ပရမ်းပတာဖြစ်ခြင်းကို ဖော်ညွှန်းလေ့ရှိသည်။ ယင်းတို့၏ရည်ရွယ်ချက်မှာ လက်တွေ့မကျသော်လည်း နိုင်ငံရေးအရ မတည်မငြိမ်ဖြစ်စေသဖြင့် မျက်ဖြူဆိုက်လေ ဆရာကြိုက်လေကိန်းဆိုက်ပြီး ယင်းလုပ်ရပ်အပေါ် အရသာတွေ့နေတတ်သည့် သဘောလည်းရှိသည်။ အခြားသောဝါဒများသည် အာဏာရယူနိုင်စွမ်းရှိသည့်အပြင် လူ့အဖွဲ့အစည်းကိုလည်း ပြန်လည်ပုံဖော်နိုင်စွမ်းရှိသော်လည်း မင်းမဲ့ဝါဒကမူ နိုင်ငံရေးသမိုင်း၌ အမျိုးသားအဆင့်တွင် မည်သည့်အခါကမျှ အာဏာမရခဲ့ပေ။

ယင်းကဲ့သို့ မင်းမဲ့စရိုက်ဆန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ လုပ်ဆောင်နေမှုများသည် လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် (၁၉)ပါ Freedom of Expression နှင့် ကိုက်ညီခြင်း မရှိသလို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ ပုဒ်မ ၃၅၄ အပိုဒ်ခွဲ(က) (ဃ)တို့ကိုလည်း ချိုးဖောက်ရာ ရောက်နေပေသည်။

လူ့အခွင့်အရေးများကို သွေဖည်၍ လူကိုလူချင်း သတ်ဖြတ်သည့်ဖြစ်စဉ်များသည် ကမ္ဘာပေါ်တွင် အထင်ကရဖြစ်ခဲ့ ဖြစ်နေဆဲပင် ရှိသေးသည်။ လတ်တလော အမေရိကန်နိုင်ငံတွင် သေနတ်သမား လူရမ်းကားတို့၏ လက်ချက်ဖြင့် အပြစ်မဲ့ပြည်သူတို့ မကြာခဏသေဆုံးရသော ဖြစ်စဉ်များကို ကမ္ဘာ့သတင်းမျက်နှာစာတွင် ဖတ်ရှုနေရသည်။ ကမ္ဘောဒီးယားနိုင်ငံမှာဆိုလျှင်လည်း လူမျိုးတူချင်း သတ်ဖြတ်သုတ်သင်မှုကြီးဖြစ်ပေါ်ခဲ့ကာ ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ကမ္ဘောဒီးယားပြည်သူပေါင်း နှစ်သန်းခန့် သတ်ဖြတ်ခံခဲ့ရသည်။ ထိုအချိန်က တစ်နိုင်ငံလုံး လူဦးရေ၏ ၂၅ ရာခိုင်နှုန်းဟု ဆိုနိုင်ပါသည်။ ထိုဖြစ်စဉ်မှာ ဘာသာရေး၊ လူမျိုးရေးနှင့် မဆိုင်သော နိုင်ငံရေးဝါဒအရဖြစ်ရသည့် လူသားဆန်မှုကို ဖောက်ဖျက်ခဲ့သည့် ရာဇဝတ်မှုကြီးပင်။ ကိုယ့်လူမျိုးအချင်းချင်း ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုများကြောင့် သွေးမြေကျခြင်းသည် အလွန်ပင် အရုပ်ဆိုး အကျည်းတန်လှသည်။ လူသားဝါဒနှင့် လူသားဆန်မှုတို့ ပျောက်ဆုံးနေသရွေ့ ထိုသို့သော အကျည်းတန်အရုပ်ဆိုးသည့် ဖြစ်စဉ်များ ပေါ်ပေါက်နေဦးမည်သာဖြစ်သည်။

**ဗြဟ္မစိုရ်တရားလေးပါးနှင့်အညီ**

ဤသို့ဖြစ်ရခြင်းမှာလည်း လူအများတွင် ရှိသင့်ရှိအပ်သော ဗြဟ္မစိုရ်တရားလေးပါး ဆိတ်သုဉ်းနေခြင်းကြောင့် ဖြစ်သည်ဟု ဆိုချင်ပါသည်။ ဗြဟ္မဝိဟာရဟုခေါ်ဆိုသော ဗြဟ္မစိုရ်တရားလေးပါးတို့မှာ မေတ္တာ = ချစ်ခင်ခြင်း၊ ကရုဏာ = သနားကြင်နာခြင်း၊ မုဒိတာ = ဝမ်းမြောက်ခြင်း၊ ဥပေက္ခာ = အညီအမျှ ရှုမြင်ခြင်းတို့ဖြစ်သည်။ အနှီ ဗြဟ္မစိုရ်တရားလေးပါး အပေါ် အခြေခံသည့်အတွေးအခေါ်နှင့် လုပ်ရပ်များ သည်သာလျှင် ငြိမ်းချမ်းရေးဆီသို့ ရှေးရှုစေနိုင်မည်ဖြစ်သည်။ သို့မဟုတ်ပါက ငြိမ်းချမ်းရေးသာမက လူ့တန်ဖိုး၏အထွတ်ပြာသာဒ်ဖြစ်သော ယဉ်ကျေးမှုအဆောက်အအုံကြီးသည်လည်း ပြိုလဲပျက်စီးသွားမည်သာဖြစ်သည်။ ထို့ကြောင့် မိမိတို့သမိုင်း မရိုင်းရလေအောင် အားလုံးကိုယ်စီကိုယ်င မြန်မာ့ယဉ်ကျေးမှုသမိုင်းစာမျက်နှာများကို မလှ လှအောင် ရေးသားကြရပေမည်။

အထူးအားဖြင့် မိမိတို့သမိုင်းနှင့်ချီ၍ မော်ကြည့်ခဲ့ရသော၊ အစဉ်သဖြင့် ရင်ခုန်ခဲ့ရသော မန္တလေးမြို့၏ အဆင်တန်ဆာဖြစ်သည့် ယဉ်ကျေးမှုကို မင်းမဲ့စရိုက်များ၏ ဖဝါးအောက်တွင် မှေးမှိန်မပျောက်ကွယ်စေရေးအတွက် မြန်မာနိုင်ငံသားတိုင်း ဝိုင်းဝန်းစောင့်ရှောက်ကြရမည်သာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> **“အရပ်စကားအနေဖြင့်မူ မင်းမဲ့စရိုက်အား ပရမ်းပတာဖြစ်ခြင်းကို ဖော်ညွှန်းလေ့ရှိသည်။ ယင်းတို့၏ ရည်ရွယ်ချက်မှာ လက်တွေ့မကျသော်လည်း နိုင်ငံရေးအရ မတည်မငြိမ်ဖြစ်စေသဖြင့် မျက်ဖြူဆိုက်လေ ဆရာကြိုက်လေကိန်းဆိုက်ပြီး ယင်းလုပ်ရပ်အပေါ် အရသာတွေ့နေတတ်သည့် သဘောလည်းရှိသည်။ အခြားသောဝါဒများသည် အာဏာရယူနိုင်စွမ်းရှိသည့်အပြင် လူ့အဖွဲ့အစည်းကိုလည်း ပြန်လည်ပုံဖော်နိုင်စွမ်းရှိသော်လည်း မင်းမဲ့ဝါဒကမူ နိုင်ငံရေးသမိုင်း၌ အမျိုးသားအဆင့်တွင် မည်သည့်အခါကမျှ အာဏာမရခဲ့ပေ”**

# အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မကွေးတိုင်းဒေသကြီး၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ အောင်မြင်သော ခရီးစဉ်ဒေသ ဖြစ်ပေါ်လာနိုင်

**မကွေး ဇူလိုင် ၂၂**

၂၀၂၂ ခုနှစ် ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်းလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာအရည်အသွေးများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အလုပ်ရုံဆွေးနွေးပွဲကို ထိန်ထိန်သာဟိုတယ်ခန်းမ(၁)၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (မကွေးဇုန်)မှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ၊ မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် နိုင်ငံတော်၏ခရီးသွားလုပ်ငန်းဆိုင်ရာမူ တစ်ခုဖြစ်သည့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်း လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေးအတွက် အလုပ်ရုံဆွေးနွေးပွဲများဖြင့် ဆွေးနွေးဖလှယ်စေခြင်းဆိုသည့် မူတစ်ခုနှင့် ဆောင်ရွက်လုပ်ကိုင်နေကြခြင်းဖြစ်ပါကြောင်း၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုနှင့် သာယာလှပသော ခရီးသွားနေရာ ဖြစ်ပေါ်စေရေး၊ ခရီးသွားလုပ်ငန်းမှ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရရှိစေရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော သဘာဝပတ်ဝန်းကျင် အလှအပများ၊ ယဉ်ကျေးမှုပတ်ဝန်းကျင်ကို ခရီးသွားလုပ်ငန်းဖြင့် မြှင့်တင်စေရန် မျှော်မှန်းထားပါကြောင်း။

နိုင်ငံတော်မှ ချမှတ်သော မူဝါဒတွေနဲ့အညီ(PPP) လို့ခေါ်သော အစိုးရ၊ ပုဂ္ဂလိကနဲ့ ပြည်သူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ဖော်ထုတ်မြှင့်တင် ဆောင်ရွက်သွားကြခြင်းကြောင့် မကွေးတိုင်းဒေသကြီး၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍသည် ပိုမိုမြင့်ဆိုင်တိုးတက်ဖြစ်ထွန်းလာပြီး အောင်မြင်သော ခရီးစဉ်ဒေသကောင်းတစ်ခု ဖြစ်ပေါ်လာနိုင်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ Health and Safety Protocol National Level (HSP) နိုင်ငံအဆင့် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအသိအမှတ်ပြုတံဆိပ်ရရှိသော ထိန်ထိန်သာဟိုတယ်(၁)နှင့် မြင့်မိုရ်စံဟိုတယ်တို့ကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်မှ အသိအမှတ်ပြု တံဆိပ်ချီးမြှင့်ပေးခဲ့ပြီး၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မကွေးဇုန်) ဥက္ကဋ္ဌ ဦးစံထွေးမှ ဌာနဆိုင်ရာဥပဒေများ ဆွေးနွေးပြောကြားပေးသည့် တာဝန်ရှိသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့မှ ဆွေးနွေးပြောကြားကာ၊ တက်ရောက်လာသူများမှ သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များအပေါ် အဖွဲ့များဖွဲ့၍ ဆွေးနွေးချက်ရလဒ်များ ဖော်ထုတ်ခဲ့ကြောင်းနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးမှ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

# ညောင်နှစ်ပင်အထူးဇုန်အတွင်း မြေကွက်လွတ်များ မကျန်ရှိစေဘဲ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်

**ရန်ကုန် ဇူလိုင် ၂၂**

မှော်ဘီမြို့နယ် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန် ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်း၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)တွင် ပြုလုပ်သည်။



ရှေးဦးစွာ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန် ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားရာအထူးဇုန်အတွင်း မြေကွက်လွတ်များ မကျန်ရှိစေဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ဇုန်အတွင်းမှထွက်ရှိသော ဟင်းသီးဟင်းရွက်၊ အသား၊ ငါးနှင့်ကြက်ဥ ဘဲဥများကို ရန်ကုန်မြို့နေ ပြည်သူများ သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရန် အစည်းအဝေး တက်ရောက်လာသူများက ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက အထူးဇုန်အတွင်း တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မျိုးကောင်းမျိုးသန့်များသုံးစွဲပြီး ခေတ်မီစိုက်ပျိုး၊ မွေးမြူနည်းစနစ်များဖြင့် ဆောင်ရွက်ရန်၊ အထူးဇုန်အတွင်း စာရင်းဇယားများ မှန်ကန်မှုရှိစေရေး အသေးစိတ် စာရင်းများကောက်ယူပြီး နိုင်ငံပိုင်သတင်းစာများတွင် လုပ်ငန်းအပြည့်အဝ ဆောင်ရွက်ခြင်းမရှိပါက လုပ်ကိုင်ခွင့် ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သော်လည်း လာရောက်ဆက်သွယ်ပြီး လုပ်ငန်းဆောင်ရွက်ခြင်း မရှိသူများကို ဆက်သွယ်ရေးနည်းလမ်းများဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ သတိပေးစာများ ထုတ်ပြန်ခြင်း၊ နိုင်ငံပိုင်သတင်းစာများတွင် ထပ်မံကြော်ငြာခြင်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ဇုန် (၁၊၂၊၃) အနီးကပ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌများမှ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ မြေကွက်လွတ်မကျန် စိုက်ပျိုးမွေးမြူစေရေးအတွက် သက်ဆိုင်ရာ ဇုန်ကော်မတီများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ဝိုင်းဝန်း၍ပေါင်းစပ်ညှိနှိုင်း ကြပ်မတ်ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ်၌ မုန့်အမျိုးမျိုးထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကျင်းပ

**ဟိုပုံး ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ရှမ်းပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၏ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် မုန့်အမျိုးမျိုးထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီက ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



သင်တန်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အမှာစကား ပြောကြားရာတွင် ဒေသတွင်းထွက်ရှိသော သီးနှံများကို အခြေခံသည့် စားသောက်ကုန်လုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန်၊ One Village One Product အဖြစ် ထုတ်ကုန်အသစ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများအနေဖြင့် မိမိတို့ ဒေသထွက်အသီးအနှံများအား တန်ဖိုးမြှင့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ စားသောက်ကုန် ထုတ်လုပ်မှုဆိုင်ရာ ဥပဒေ/ညွှန်ကြားချက်များကို သိရှိလာစေရန်၊ ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပေးခဲ့ကြောင်း၊ သင်တန်းတွင် မုန့်မျိုးစုံButter Cake၊ ကွတ်ကီး၊ လျှာပေါ်ဝဲ၊ နံကထိုင်၊ ပူတင်း၊ ကျောက်ကျော၊ Plane Cake၊ သီးစုံကိတ်၊ ပေါင်မုန့်၊ ကိတ်ခြောက်နှင့် Pizza စသည့်မုန့်အမျိုးမျိုး ထုတ်လုပ်မှု နည်းပညာများကို သင်ကြားပေးခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းမော်က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေး အဖွဲ့ရုံး၏ အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြတ်ခင်မော်က သင်တန်းမှ ထွက်ရှိသည့် ကုန်ချောပစ္စည်းများကို မြို့မိမြို့ဖ ဒေါ်တင်တင်ဝင်းကိုလည်းကောင်း အသီးသီးပေးအပ်ခဲ့ကြသည်။ ထို့နောက် သင်တန်းသူတစ်ဦးမှ ကျေးဇူးတင်စကား ပြန်လည် ပြောကြားရာတွင် သင်တန်းမှ သင်ယူရသော အတတ်ပညာများဖြင့် ဒေသအတွင်း ထွက်ရှိသော သစ်သီးများ၊ ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံများကို စနစ်တကျလုပ်ကိုင်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော စံချိန်စံညွှန်းမီ စားသောက်ကုန်ပစ္စည်းများကို မိသားစုဝင်များ စားသုံးနိုင်ခြင်း၊ ထိုမှတစ်ဆင့် စီးပွားဖြစ် ထုတ်လုပ်ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန် ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**နေမင်းထွန်း(ပအိုဝ်းဒေသ)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၆၆၅ | ၁၇၁၀ | ၁၇၀၅ | ၁၆၇၀ | ၁၇၁၀ | ၁၇၃၀ | ၁၇၁၅ | ၁၆၉၅ | ၁၇၉၀ | ၁၈၀၅ | ၁၇၀၀ | ၁၇၁၀ | ၁၇၄၅ | ၁၇၄၅ | ၁၇၅၀ | ၁၉၆၅ | ၂၅၁၀ |
| 95 Ron | ၁၇၁၅ | ၁၇၆၅ | ၁၇၆၀ | ၁၇၂၅ | ၁၇၆၀ | ၁၇၈၅ | ၁၇၇၀ | ၁၇၄၅ | ၁၈၄၀ | ၁၈၅၅ | ၁၇၅၅ | ၁၇၇၀ | ၁၇၉၅ | ၁၇၉၅ | ၁၈၀၀ | ၂၀၂၀ | ၂၅၆၅ |
| HSD (500 ppm) | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၅ | ၂၁၉၅ | ၂၁၉၀ | ၂၀၉၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၅၅ | ၂၇၉၀ |
| HSD (50 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၂၈၂၀ |
| HSD (10 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၂၈၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၅၇၅ | ၁၆၄၀ |
| 95 Ron | ၁၆၂၅ | ၁၆၉၁ |
| HSD (500 ppm) | ၁၉၅၂ | ၂၀၂၀ |
| HSD (50 ppm) | ၂၀၀၇ | ၂၀၇၇ |
| HSD (10 ppm) | ၂၀၀၇ | ၂၀၇၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း (အမျိုးသား၊ အမျိုးသမီး)ဘော်လီဘော ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘော ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှု အောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၀ သင်း နှင့် အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် ဇူလိုင် ၂၈ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၂**

အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းများကို ပစ္စတိုဖြင့် ပစ်ဖောက်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသမီးပစ္စတို ထိလဲပစ်ခတ်စဉ် စွမ်းရည်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၀ သင်းဖြင့် ဇူလိုင် ၂၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■ *ကျောဖုံးမှ*

အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံး ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲကို သက်တမ်းအလိုက် ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်သော်လည်း အမျိုးသမီးဘောလုံးပြိုင်ပွဲကိုမူ အလွတ်တန်း လက်ရွေးစင်အဆင့် ပြိုင်ပွဲအဖြစ် ဆက်လက်ကျင်းပမည်ဖြစ်သည်။ အမျိုးသားဘောလုံးပြိုင်ပွဲကို ယူ-၂၂ ပြိုင်ပွဲအဖြစ် ဆက်လက်ကျင်းပဖွယ်ရှိနေပြီး အသက်ကျော်ကစားသမား ထည့်သွင်းအသုံးပြုခွင့်ရမည့် ကစားသမားအရေအတွက်ကိုလည်း မကြာမီအတည်ပြုမည်ဖြစ်သည်။

အမျိုးသားဘောလုံးပြိုင်ပွဲမှာ ဆီးဂိမ်းပြိုင်ပွဲတွင် ပုံမှန်ပါဝင်သော်လည်း အမျိုးသမီးဘောလုံးပြိုင်ပွဲမှာမူ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံအနေဖြင့် အမျိုးသမီးဘောလုံး ဖွံ့ဖြိုးမှုသာ ထည့်သွင်းကျင်းပခြင်းဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အမျိုးသမီးဘောလုံး ဖွံ့ဖြိုးတိုးတက်ခြင်းမရှိသေးသော်လည်း ၂၀၂၁ ခုနှစ်တွင် အမျိုးသမီးဘောလုံးအသင်းများ စတင်ဖွဲ့စည်းကာ ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ စတင်ယှဉ်ပြိုင်နေပြီဖြစ်သောကြောင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပခြင်းဖြစ်သည်။

နောက်ဆုံးကျင်းပသည့် (၃၁) ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင် ဘောလုံးအမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံး ပါဝင်ခဲ့ပြီး မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအမျိုးသားအသင်းသည် အုပ်စုအဆင့်မှထွက်ခဲ့ရပြီး အမျိုးသမီးအသင်းမှာမူ ဆီမီးဖိုင်နယ်တက်ရောက်သော်လည်း တတိယလုပွဲတွင် အရေးနိမ့်ခဲ့သဖြင့် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် မြန်မာအမျိုးသားဘောလုံးအသင်းက ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ငါးခု၊ မြန်မာအမျိုးသမီးဘောလုံးအသင်းက ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ် ခုနစ်ခု ရရှိထားသည်။ မြန်မာအမျိုးသမီး အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်မရဖူးသော်လည်း ဆုတံဆိပ်မလွတ်တမ်း ရယူနိုင်ခဲ့ပြီး နောက်ဆုံးကျင်းပသည့် ဗီယက်နမ်ဆီးဂိမ်း ပြိုင်ပွဲမှသာ ပထမဆုံးအကြိမ် ဆုတံဆိပ်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MFF**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွား



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်

**ဝါရှင်တန် ဇူလိုင် ၂၂**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဇူလိုင် ၂၁ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရုံသာမက အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကိုလည်း နှစ်ကြိမ်တိုင်တိုင်ခံယူထားသော အမေရိကန်သမ္မတ ဘိုင်ဒင်သည် ကိုဗစ်-၁၉ အပျော့စားလက္ခဏာများကို ခံစားလျက်ရှိသည်။

ဘိုင်ဒင်သည် ကိုဗစ်-၁၉ ကုသရာတွင် အသုံးပြုလျက်ရှိသော ပက်ဇ်လိုဗစ်ဆေးကို စတင်သောက်သုံးလျက်ရှိပြီး အိမ်ဖြူတော်၌ သီးသန့်ခွဲခြားနေထိုင်လျက်ရှိသည်။ အဆိုပါအချိန်၌ ဘိုင်ဒင်သည် ၎င်း၏တာဝန်များကို အပြည့်အဝ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ထုတ်ပြန်ဖော်ပြသည်။

အမေရိကန်သမ္မတ ဘိုင်ဒင်သည် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက အိမ်ဖြူတော်ဝန်ထမ်းများနှင့် အဆက်အသွယ်လုပ်ဆောင်ခဲ့ကြောင်းနှင့် ဖုန်းနှင့် ဇွန်းအက်ပလီကေးရှင်းများအသုံးပြုပြီး စီစဉ်ပြီးသားအစည်းအဝေးများတွင် ပါဝင်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဘိုင်ဒင်နှင့်ပတ်သက်သည့် နေ့စဉ်နောက်ဆုံးသတင်းအခြေအနေများကို ဖော်ပြပေးသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# သီရိလင်္ကာဝန်ကြီးချုပ်အပါအဝင် အစိုးရအဖွဲ့ဝင်ဝန်ကြီး ၁၈ ဦး ကျမ်းသစ္စာကျိန်ဆို



သီရိလင်္ကာနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ဒိုင်နက်ရှ်ဂူနာဝါဒီနာ ကျမ်းသစ္စာကျိန်ဆိုနေစဉ်။

**ကိုလံဘို ဇူလိုင် ၂၂**

ဝန်ကြီးချုပ် ဒိုင်နက်ရှ်ဂူနာဝါဒီနာ အပါအဝင် အစိုးရအဖွဲ့ဝင်ဝန်ကြီး ၁၈ ဦးတို့သည် ဇူလိုင် ၂၂ ရက်က သမ္မတ ရာနေးလ် ဝစ်ကရင်ဆင်း ရှေ့မှောက်တွင် သီရိလင်္ကာအစိုးရအဖွဲ့ဝင်သစ်များအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။

အစိုးရအဖွဲ့ဝင်သစ် ဝန်ကြီးများအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သူများတွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် အလီဆာဗရေး၊ ခရီးသွားလာရေးနှင့် မြေယာဝန်ကြီးအဖြစ် ဟာရင်ဖာနန်ဒို၊ ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေး ဝန်ကြီးအဖြစ် နာလင်ဖာနန်ဒိုနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးအဖြစ် ကန်ချာနာဝီဂျီဆက်ကီရာတို့ ပါဝင်ခဲ့ကြသည်။

ဒိုင်နက်ရှ် ဂူနာဝါဒီနာသည် ယင်းနေ့အစောပိုင်းတွင် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ထို့အပြင် ဒိုင်နက်ရှ် ဂူနာဝါဒီနာသည် ပြည်သူ့စီမံခန့်ခွဲရေး၊ ပြည်ထဲရေး၊ ဒေသန္တရကောင်စီနှင့် ပြည်နယ်အစိုးရဆိုင်ရာ ဝန်ကြီးရာထူးကိုလည်း ပူးတွဲ ထမ်းဆောင်လျက်ရှိသည်။

ဂိုတာဘာရာ ရာဂျာပက်ဆာ သမ္မတရာထူးမှ နုတ်ထွက်သွားပြီးနောက် သီရိလင်္ကာသမ္မတသစ်ဖြစ်ရန် ဇူလိုင် ၂၀ ရက်က လွှတ်တော်မဲခွဲမှုတွင် ရာနေးလ် ဝစ်ကရင်ဆင်း အနိုင်ရရှိခဲ့ပြီးနောက် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြခြင်း ဖြစ်သည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ ကီရာလာပြည်နယ်၌ အာဖရိကဝက်တုပ်ကွေး ကူးစက်ဖြစ်ပွား

**နယူးဒေလီ ဇူလိုင် ၂၂**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်၏ စိုက်ပျိုးရေးခြံနှစ်ခုတွင် အာဖရိကဝက်တုပ်ကွေး ကူးစက်ဖြစ်ပွားမှုများရှိကြောင်း သတင်းပေးပို့မှုရရှိခဲ့သည်ဟု အာဏာပိုင်များက ဇူလိုင် ၂၂ ရက်က ပြောကြားလိုက်သည်။

အဆိုပါ ဝက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုများကို မြို့တော် ကီရာလာမြောက်ဘက် ၄၆၈ ကီလိုမီတာရှိ ဝါယာနက်ဒေသတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

## ရောဂါကူးစက်ဖြစ်ပွား

အဆိုပါဒေသရှိ စိုက်ပျိုးမွေးမြူရေးခြံနှစ်ခုရှိ ဝက်များတွင် အဆိုပါရောဂါကို စမ်းသပ်တွေ့ရှိခဲ့ကြောင်းနှင့် ဘိုပဲလ်ရှိ တိရစ္ဆာန်ရောဂါအဆင့်မြင့်ကာကွယ်ရေးဆိုင်ရာ အမျိုးသားအင်စတီကျုတွင် ထပ်မံစမ်းသပ်ခဲ့ပြီးနောက် ဝက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားလျက်ရှိကြောင်း အတည်ပြုခဲ့သည်။

လွန်ခဲ့သောသီတင်းပတ်က ဝက်များသေဆုံးပြီးနောက် အဆိုပါနမူနာများကို ရယူခဲ့ကြောင်း သက်ဆိုင်ရာအရာရှိတစ်ဦးက ပြောသည်။

အဆိုပါ ဝက်တုပ်ကွေးကူးစက်ဖြစ်ပွားမှုများကို ကာကွယ်ရန် ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဝက်များကို ရှင်းလင်းရန်အမိန့်ကြေညာချက်ကိုလည်း ထုတ်ပြန်ခဲ့ကြောင်း အရာရှိများက ပြောသည်။

## ရောဂါကူးစက်ဝက်များ ရှင်းလင်း

ဝက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုများကို တားဆီးရန် အနီးနားရှိ မွေးမြူရေးခြံများမှ ဝက်ကောင်ရေ ၃၀၀ ကိုရှင်းလင်းခဲ့သည်။

ဝက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုများသည် လွန်ခဲ့သောသီတင်းပတ်က ဥတရာပရာဒေ့ရှ်၊ ဘီဟာနှင့် အာသံဒေသများတွင် ကူးစက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ထိုင်းနိုင်ငံ၌ ပထမဆုံး monkeypox တွေ့ရှိ

**ဘန်ကောက် ဇူလိုင် ၂၂**

ထိုင်းနိုင်ငံ၌ ပထမဆုံး monkeypox ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း ထိုင်းအစိုးရက ကြေညာခဲ့သည်။

ဇူလိုင် ၂၁ ရက်က အသက် ၂၇ နှစ်ရှိ နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦးတွင် အဆိုပါ ရောဂါကူးစက်ဖြစ်ပွားလျက်ရှိကြောင်းအတည်ပြုခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြသည်။

အဆိုပါ အမျိုးသားသည် နိုင်ဂျီးရီးယားသို့ခရီးသွားခဲ့သည့် ခရီးသွားရာဇဝင်ရှိခဲ့ပြီး လွန်ခဲ့သော သီတင်းပတ် ဆေးရုံသို့တက်ရောက်စဉ်ကာလ၌ ထိုင်းနိုင်ငံဖူခက်၌ ရှိနေခဲ့ကြောင်း သိရသည်။

Monkeypox ရောဂါသည် အာဖရိကအလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် ပျံ့နှံ့လျက်ရှိသည်။

**ဆင်ဟွာ**

# အိန္ဒိယ၏ ဒုတိယမြောက် အမျိုးသမီးသမ္မတအဖြစ် တိုင်းရင်းသားလူမျိုးစုအသိုင်းအဝိုင်းမှ ဒရူပါဒီမာမူရ်ကို ရွေးကောက်တင်မြှောက်

**နယူးဒေလီ ဇူလိုင် ၂၂**

အိန္ဒိယနိုင်ငံ ဥပဒေပြုသူများက အိန္ဒိယ၏ ဒုတိယမြောက် အမျိုးသမီးသမ္မတအဖြစ် တိုင်းရင်းသားလူမျိုးစု အသိုင်းအဝိုင်းမှ ဒရူပါဒီမာမူရ်ကို ရွေးကောက်တင်မြှောက်ခဲ့သည်။

အတိုက်အခံပါတီ၏ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းတစ်ဦးကို အနိုင်ရခြင်းဖြင့် ဒရူပါဒီမာမူရ်သည် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြောင်း အရာရှိများက ဇူလိုင် ၂၁ ရက်က ကြေညာခဲ့သည်။ တနင်္လာနေ့က ပြည်ထောင်စုနှင့် ပြည်နယ်ဥပဒေပြုသူ ပေါင်း ၄၈၀၀ ခန့်က မဲပေးခဲ့ကြပြီး အဆိုပါမဲများကို ဇူလိုင် ၂၁ ရက်က ရေတွက်ခဲ့သည်။

ဝန်ကြီးချုပ် နာရန်ဒရာမိုဒီ ဦးဆောင်သော အာဏာရ ဘာရာ တီယာ ဂျာနာတာပါတီက မာမူရ်ကို ထောက်ခံခဲ့သည်။ ၂၀၀၇ ခုနှစ်က သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသော ပရာတီဘာပါတီလ် ပြီးနောက် သူမသည် အိန္ဒိယနိုင်ငံ၏ ဒုတိယမြောက် အမျိုးသမီးသမ္မတ ဖြစ်လာခဲ့သည်။

မာမူရ်သည် အသက် ၆၄ နှစ်ရှိပြီဖြစ်ပြီး ဂျာခက်ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်းတစ်ဦးဖြစ်သည်။ သူသည် ဩဒိသ ပြည်နယ်၏ တိုင်းရင်းသားလူမျိုးစုမှဖြစ်သည်။ အိန္ဒိယသမ္မတနေရာသည် နိုင်ငံ၏ဦးဆောင်မှုကဏ္ဍ၌ အဓိက အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်သည်။

**အင်န်အိတ်ချ်ကေ**



အိန္ဒိယနိုင်ငံ၏ ၁၅ ဦးမြောက် သမ္မတဖြစ်လာသူ ဒရူပါဒီမာမူရ်ကို ဝန်ကြီးချုပ်နာရန်ဒရာမိုဒီက ဇူလိုင် ၂၁ ရက်က တွေ့ဆုံနှုတ်ဆက်နေစဉ်။

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲအမယ် လေးမျိုး၊ နေ့ဆွမ်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၂**

တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲအမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့ရှိ အထက်ဘုရားကြီးကျောင်းတိုက်၊ လားရှိုးမြို့ရှိ ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်း၊ မွန်ပြည်နယ် သထုံမြို့ရှိ ပဋ္ဌာဂီရိချမ်းမြေ့စည် သီလရှင်ကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာရှိ စမ်းရေဖျား တောရတပ်ဦးကျောင်းတိုက်၊ သန်လျင်မြို့နယ် အေးသာယာကျေးရွာရှိ မြို့ဦးစက်ပစ်ကွင်းကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သာသနာ့ရောင်ခြည် ကျောင်းတိုက်၊ မြရတနာသီရိကျောင်းတိုက်၊ လေဆိပ်တပ်ဦးစာသင်တိုက်နှင့် သဲအင်းဂူ တရားပြကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ဒက္ခိဏာရာမ ဘုရားကြီးတိုက်နှင့် အတုလကာရီဆင်မင်းကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲအမယ်လေးမျိုး၊ နဝကမ္မ အလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၂၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိပြည်သူများ၊ အသက်(၅)နှစ်မှ (၁၂)နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ ဒေသခံ တိုင်းရင်းသားပြည်သူ ၁၆၈၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၅၃၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၇၃၂ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၃၁၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇူလိုင် ၂၁ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၀၈၂၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူ ၇၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၉၄၉၈ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၈၃၂၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

**ကြည့်ရှုအားပေး**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

## စဉ့်ကူးမြို့နယ် မိုးကောင်းကြီးကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**စဉ့်ကူး ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် မိုးကောင်းကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်သီးနှံများကို ဈေးကွက်အတွင်းသို့ ရာသီမရွေး လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ရေးနှင့် တောင်သူများ၏ စိုက်ပျိုးမြေကေများသို့ အလွယ်တကူ သွားလာနိုင်ရေးတို့အတွက် မိုးကောင်းကြီး ကျေးရွာတွင် ရွှေပြည်သစ္စာကုမ္ပဏီက တာဝန်ယူ ဖောက်လုပ်ပေးလျက်ရှိသော ကုန်ထုတ်လမ်း ဖောက်လုပ်ပေးနေမှုအခြေအနေတို့ကို ဇူလိုင် ၂၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။ **(အပေါ်ယာပုံ)**



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက် ငွေလုံးငွေရင်း ရန်ပုံငွေ ၅၆ ဒသမ ၂၀၀ ကျပ်သန်းဖြင့် မိုးကောင်းကြီးကျေးရွာတွင် (၁/၀ မိုင် x၁၂'x၂'x၉") ရှိသည့် ကျေးလက် ကုန်ထုတ်လမ်းကို တင်ဒါအောင်မြင်ခဲ့သည့် ရွှေပြည်သစ္စာကုမ္ပဏီက တာဝန်ယူဖောက်လုပ်ပေးလျက်ရှိပြီး စဉ့်ကူးမြို့နယ် လုပ်ငန်းစီမံကိန်းစစ်ဆေးရေးအဖွဲ့ ဒေါ်သီတာအေး ဦးစီးအရာရှိ (နည်းပညာ)၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးအောင်ကိုကိုဦး ဦးစီးအရာရှိ (နည်းပညာ) နှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးကြပြီး သတ်မှတ်အချိန်မီ ပြီးစီးအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ကြသည်။

အဆိုပါ ကုန်ထုတ်လမ်း ဖောက်လုပ်မှု ပြီးစီးပါက မိုးကောင်းကြီးကျေးရွာရှိ ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေကေ ၁၂၅၀ ကို လွှမ်းခြုံအကျိုးပြုနိုင်မည်ဖြစ်ကြောင်း စဉ့်ကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးနိုင်အောင်စိုးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၂**

ကိုဗစ် – ၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များအဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်သို့ လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ ငွေဟင်္သာကျောင်းတိုက်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်ရှိ ကုန်းသာဦးကျောင်းတိုက် သို့လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်ရှိ သုဝဏ္ဏရုံသီစာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ဓမ္မစကြာကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ်ရှိ ဓာတ်စွမ်းဟုန်ကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**




## မူဆယ်မြို့ မေတ္တာတော်စံအိမ် မိဘမဲ့နှင့် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးဂေဟာသို့ ဆေးဝါးများလှူဒါန်း

**မူဆယ် ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အတွင်းရှိ မေတ္တာတော်စံအိမ် မိဘမဲ့နှင့် ကလေးသူငယ်ပြုစု စောင့်ရှောက်ရေးဂေဟာသို့ ဇူလိုင် ၂၂ ရက်က ကျန်းမာရေးအသုံးအဆောင်ပစ္စည်းများနှင့် ဆေးဝါးများ လှူဒါန်းပွဲပြုလုပ်သည်။

မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင်ကြက်ခြေနီအသင်းခွဲမှ တပ်ခွဲမှူး ဦးသန့်ဇင် ဦးဆောင်သည့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များနှင့် ဒေါက်တာ အောင်ရဲကျော်တို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်စေရန် ကျန်းမာရေးအသုံးအဆောင်ပစ္စည်းများနှင့် ဆေးဝါးများ၊ နှာခေါင်းစည်း၊ လက်သန့်စင်ဆေးရည်များ လှူဒါန်းပေးရာ တာဝန်ခံ ဆရာ ဆရာမများက လက်ခံရယူသည်။ **(အပေါ်ပုံ)**

မူဆယ်မြို့ မေတ္တာတော်စံအိမ် မိဘမဲ့ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာတွင် ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်မြို့၊ ဖားကန့်မြို့များမှ ကလေးငယ်များ အပါအဝင် မူဆယ်ခရိုင်မြို့နယ်အတွင်းမှ ကလေးများ၊ ဆရာ ဆရာမများနှင့် ကလေးသူငယ် စုစုပေါင်း ၂၀၀ ခန့်ရှိပြီး ဆရာ ဆရာမများနှင့် အသက် (၁၂) နှစ်အထက် ကလေးများ ကိုဗစ်ကာကွယ်ဆေးများ ထိုးထားပြီးကြောင်း သိရှိရသည်။ လတ်တလော ကလေးလူကြီး ၂၀ ကျော် ရာသီတုပ်ကွေးပုံစံ ဖျားနာနေကြောင်းနှင့် (၁၀၅)မိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကျန်းမာရေးကူညီစောင့်ရှောက်ပေးခဲ့ကြောင်း ကိုဗစ်ရောဂါနှင့် ပတ်သက်၍ ရှောင်ရန်ဆောင်ရန်နှင့် လိုက်နာရမည့်စည်းကမ်းချက်များ အသိပညာပေးကြောင်းသိရသည်။ **သန့်ဇင်(မူဆယ်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၂**

တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ **မိုး/ဇလ**

# ဇူလိုင် ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂ ရာခိုင်နှုန်းရှိ

(၂၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၉၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၂) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၈၄,၈၇၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၈၉၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၇၇၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၃၃) ခု | (၁)ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၉၃) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၅၇) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၅၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၅၃၈) ခု | (၄) ဦး |
| စုစုပေါင်း | (၄,၉၇၁) ခု | (၁၀) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ၂၂-၇-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၁၉၄၂၇၄၄ | ၈၇၁၀၇၀၇၅ | ၁၀၅၁၂၃၅ |
| ၂။ | အိန္ဒိယ | ၄၃၈၄၇၀၆၅ | ၄၃၁၇၁၆၅၃ | ၅၂၅၉၃၀ |
| ၃။ | ဘရာဇီး | ၃၃၅၀၆၂၈၂ | ၃၁၈၄၆၄၄၁ | ၆၇၆၅၅၁ |
| ၄။ | ပြင်သစ် | ၃၃၃၃၉၃၅၀ | ၃၁၀၅၇၆၈၈ | ၁၅၁၂၃၇ |
| ၅။ | ဂျာမနီ | ၃၀၂၃၉၁၂၂ | ၂၈၂၀၃၉၀၀ | ၁၄၃၀၆၁ |
| ၆။ | ဗြိတိန် | ၂၃၂၁၂၅၆၅ | ၂၂၄၅၄၃၇၁ | ၁၈၂၇၂၇ |
| ၇။ | အီတလီ | ၂၀၄၆၇၃၄၉ | ၁၈၈၄၁၀၀၁ | ၁၇၀၅၂၇ |
| ၈။ | တောင်ကိုရီးယား | ၁၉၀၇၇၆၅၉ | ၁၈၃၇၁၀၇၀ | ၂၄၈၂၅ |
| ၉။ | ရုရှား | ၁၈၅၁၇၇၇၉ | ၁၇၉၂၉၀၅၉ | ၃၈၂၀၈၀ |
| ၁၀။ | တူကီယဲ | ၁၅၅၂၄၀၇၁ | ၁၅၂၂၁၅၀၆ | ၉၉၁၈၄ |

## ၂၂-၇-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၆၆၁၂၈ | ၉၈၄၂၁၇၆ | ၄၃၀၉၂ |
| အင်ဒိုနီးရှား | ၆၁၅၉၃၂၈ | ၅၉၆၄၁၉၆ | ၁၅၆၈၉၃ |
| မလေးရှား | ၄၆၄၀၂၃၅ | ၄၅၅၆၉၃၈ | ၃၅၈၈၈ |
| ထိုင်း | ၄၅၇၀၈၈၅ | ၄၅၁၅၇၅၉ | ၃၁၁၀၁ |
| ဖိလစ်ပိုင် | ၃၇၄၅၃၇၅ | ၃၆၆၀၂၄၁ | ၆၀၆၅၆ |
| စင်ကာပူ | ၁၆၃၆၁၀၉ | ၁၅၂၈၄၄၁ | ၁၄၆၆ |
| မြန်မာ | ၆၁၃၈၉၇ | ၅၉၂၇၇၇ | ၁၉၄၃၄ |
| လာအို | ၂၁၀၇၁၉ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၉၃၄၃၄ | ၁၆၄၁၁၆ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၅၄၅ | ၁၃၃၃၆၃ | ၃၀၅၆ |

## မိုင်းရယ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးနှင့် အကြိမ်ပြည့်ထိုးနှံရန် ကျန်ရှိသူများအား ဆက်လက်ထိုးနှံပေး

မိုင်းရယ် ဇူလိုင် ၂၂

ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းရယ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးနှင့် အကြိမ်ပြည့်ထိုးနှံရန် ကျန်ရှိသူများအား ယနေ့နံနက်ပိုင်းမှစ၍ ကျေးရွာအုပ်စုရှစ်အုပ်စု၌ ထိုးနှံပေးသည်။

အဆိုပါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံရာတွင် ကောင်းမောင်ကျေးရွာအုပ်စု၊ မန်စန့်ကျေးရွာအုပ်စု၊ ကုန်းစုံကျေးရွာအုပ်စု၊ မန်ဖျက်ကျေးရွာအုပ်စု၊ လွယ်ငင်းကျေးရွာအုပ်စု၊ မန်ကျောင်းပန်ရှင်ကျေးရွာအုပ်စု၊ ဟိုတီကျေးရွာအုပ်စုနှင့် မိုင်းဟမန်မုံကျေးရွာအုပ်စုတို့တွင် ဦးတည်အုပ်စုများမှ အသက် ၄၀ အထက်ရှိသူပြည်သူ ၃၄၀ ကို ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။ ဆက်လက်၍ ကျေးရွာအုပ်စုများမှ အခြေခံပညာကျောင်းများရှိ အကြိမ်ပြည့်ထိုးနှံရန် ကျန်ရှိသည့် အသက် ၅ နှစ်မှ ၁၂ နှစ်ကြား ကျောင်းသား ကျောင်းသူ ၇၂၈ ဦးကို ထိုးနှံပေးခဲ့ပြီး ယနေ့တွင် စုစုပေါင်း ၁၀၆၈ ဦးကို ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးကြောင်း သိရသည်။

မိုင်းရယ် (ပြန်/ဆက်)

# မြန်မာ-ရုရှားဆက်ဆံရေးသည် သွေးစည်းချစ်ကြည်ထာဝရတည်

**ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ကြား တရားဝင်သံခင်းတမန်ခင်းဆက်ဆံရေးဟာ ဘယ်အချိန်ကတည်းက စတင်ဖြစ်ပေါ်လာလဲဆိုရင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး မကြာခင်အချိန်မှာပဲဖြစ်ပါတယ်။ အတိအကျဆိုရရင်တော့ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်မှာဖြစ်ပါတယ်။**

**ထက်မြတ်**

အဲဒီအချိန်တုန်းကတော့ ရုရှားနိုင်ငံရယ်လို့ မဟုတ်ဘဲ ဆိုဗီယက်ပြည်ထောင်စုအဖြစ်နဲ့ တည်ရှိနေစဉ် မြန်မာနိုင်ငံနဲ့ ဆက်ဆံရေးထူထောင်ခဲ့တာပါ။

**ပထမဆုံး ချစ်ကြည်ရေးခရီးသွားရောက်**

ဆိုဗီယက်ပြည်ထောင်စုကို ပထမဆုံးချစ်ကြည်ရေးခရီးသွားရောက်ခဲ့တဲ့ မြန်မာ့ခေါင်းဆောင်က ဝန်ကြီးချုပ်ဦးနုဖြစ်ပြီး ၁၉၅၅ ခုနှစ် အောက်တိုဘာလမှာသွားခဲ့တာဖြစ်ပါတယ်။

ဆိုဗီယက်ပြည်ထောင်စုမှ ခေါင်းဆောင်နှစ်ဦးဖြစ်တဲ့ နီကီတာခရုးရှက်နဲ့ နီကိုလိုင်းဘူဂါနင်တို့ဟာ ဒီဇင်ဘာလမှာ မြန်မာနိုင်ငံကို အပြန်အလှန်လာရောက်လည်ပတ်ခဲ့ပါတယ်။ နီကီတာခရုးရှက်ဆိုရင် ၁၉၆၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး နောက်တစ်ကြိမ်လာရောက်ခဲ့ပါသေးတယ်။



ဆိုဗီယက်ပြည်ထောင်စုခေါင်းဆောင်များဖြစ်သည့် နီကီတာခရုးရှက်နှင့် နီကိုလိုင်းဘူဂါနင်တို့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်စဉ်။

**စီးပွားရေး ပူးပေါင်းဆောင်ရွက်**

နီကီတာခရုးရှက်ရဲ့ ဒုတိယအကြိမ်မြန်မာနိုင်ငံခရီးစဉ်မတိုင်မီမှာ နှစ်နိုင်ငံကြားကုန်သွယ်ရေးသဘောတူညီချက်တစ်ခုကိုရရှိခဲ့ပြီး အပြန်အလှန်အကျိုးရှိတဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်ထွန်းစေခဲ့ပါတယ်။

အဲဒီအချိန်တုန်းကဆိုရင် မြန်မာနိုင်ငံဟာ ပြည်တွင်းသောင်းကျန်းသူချေမှုန်းရေးကို စွမ်းစွမ်းတမံလုပ်နေရတဲ့အချိန်ပါ။ နိုင်ငံက ငွေကြေးခန အင်အားလည်း နည်းပါးနေတာကြောင့် နိုင်ငံရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံတွေလိုအပ်နေချိန်လည်း ဖြစ်ပါတယ်။

**အခြေခံအဆောက်အအုံများ ဆောက်လုပ်ပေး**

ဒါကြောင့် မြန်မာနိုင်ငံက ရုရှားနိုင်ငံကို ဆန်တင်ပို့ပေးချိန်မှာ ရုရှားဘက်ကလည်း မြန်မာနိုင်ငံအတွက်လိုအပ်တဲ့ အခြေခံအဆောက်အအုံများကို ဆောက်လုပ်ပေးခဲ့ပါတယ်။

အဲဒါတွေထဲကမှတချို့တစ်ဝက်ကို ထုတ်နုတ်ပြရရင် အရင်တုန်းကအာအိုင်တီလို့ခေါ်တဲ့ ရန်ကုန်နည်းပညာတက္ကသိုလ်၊ တောင်ကြီးအထွေထွေရောဂါကုဆေးရုံ၊ရန်ကုန်မှာ အင်းယားလိတ်ဟိုတယ်တို့ဟာ ရုရှားရဲ့ အကူအညီနဲ့ ပေါ်ထွက်လာခဲ့တဲ့ အရာတွေပါ။

**ပူးပေါင်းဆောင်ရွက်မှုတွေအစပြု**

ဒီလိုပူးပေါင်းဆောင်ရွက်မှုတွေကနေ အစပြုလို့ နှစ်နိုင်ငံပြည်သူများအကြား ဂီတနဲ့အကအဖွဲ့များမှသည် အားကစားအဖွဲ့များအထိ ပူးပေါင်းဆောင်ရွက်မှုတွေလည်း တိုးတက်လာခဲ့ပါတယ်။

ဒါပေမယ့် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲသွားတဲ့ ၁၉၉၁ ခုနှစ်နောက်ပိုင်း မြန်မာ-ရုရှားဆက်ဆံရေးဟာ အနည်းငယ်တန့်သွားခဲ့ပါတယ်။

ဒီလိုဆက်ဆံရေးတန့်ရခြင်းရဲ့ အကြောင်းရင်းကလည်း တခြားပယောဂတွေကြောင့် မဟုတ်ပါဘူး။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးတဲ့နောက် ပင်မနိုင်ငံကြီးဖြစ်တဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေနဲ့ ပြည်တွင်းရေးကိစ္စတွေကိုသာ အဓိကဦးစားပေးပြီး တည်ငြိမ်အောင် ဆောင်ရွက်နေရတဲ့အတွက် ပြည်ပဆက်ဆံရေးဘက်ကို အချိန်မပေးနိုင်တာကြောင့်သာ ဖြစ်ပါတယ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံရဲ့အခြေအနေ တဖြည်းဖြည်းတည်ငြိမ်လာတာနဲ့အမျှ မြန်မာ- ရုရှား ဆက်ဆံရေးသည်လည်း ယခင်ကထက်ကို ပိုလို့နီးကပ်လာပါတယ်။

**ကမ္ဘာ့အလယ်မှာ အဆင့်အတန်းတစ်ခုအထိလှမ်းတက်**

အထူးသဖြင့် စီးပွားရေးထက် စစ်ဘက်ဆက်ဆံရေးမှာ ပိုမိုနီးကပ်စွာ ဆက်ဆံလာတာပါ။ မြန်မာ့တပ်မတော်အနေနဲ့ ကမ္ဘာ့အလယ်မှာ အဆင့်အတန်းတစ်ခုအထိလှမ်းတက်နိုင်ခဲ့ခြင်းဟာ ရုရှားနိုင်ငံရဲ့ အကူအညီတွေလည်း တစ်စိတ်တစ်ပိုင်း ပါဝင်ပါတယ်။

မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ကြား ဆက်ဆံရေး အခိုင်မာဆုံးကာလကိုပြပါဆိုရင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ တပ်မတော်အကြီးအကဲတာဝန်ယူပြီး နောက်ပိုင်းလို့ပြောရင် မှန်ပါလိမ့်မယ်။

**ခိုင်မာတဲ့မူဝါဒတွေချမှတ်**

ဒီလို မြန်မာ-ရုရှား စစ်ဘက်ဆက်ဆံရေးခိုင်မာလာရခြင်းဟာလည်း မြန်မာ့တပ်မတော်ခေါင်းဆောင် အဆက်ဆက်က ခိုင်မာတဲ့မူဝါဒတွေချမှတ်ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ထိန်းသိမ်းခဲ့ခြင်းကြောင့်ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

မြန်မာနိုင်ငံဟာ အာရှ-ပစိဖိတ်ဒေသ အထူးသဖြင့် တစ်နေ့တခြားအင်အားခိုင်မာတောင့်တင်းလာတဲ့ တရုတ်နိုင်ငံကို ထိန်းချုပ်လိုနေတဲ့ အနောက်အုပ်စုမျက်စိအကျဆုံး မဟာဗျူဟာမြောက်နေရာတစ်ခုဆိုရင်မမှားပါဘူး။

ဒီအတွက် မြန်မာနိုင်ငံမှာ သူတို့ကြိုးဆွဲရာကမယ့် ရုပ်သေးအစိုးရကိုတင်ပြီး မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးနှောင့်ယှက်ဖို့ အနောက်အုပ်စုက နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းပါတယ်။

တခြားနိုင်ငံတွေမှာ ပြဿနာတစ်ခုဖြစ်ရင် အဲဒီပြဿနာဟာပြည်တွင်းရေးဖြစ်ပြီး မြန်မာနိုင်ငံမှာ အလားတူပြဿနာ မျိုးဖြစ်ရင်တော့ ဒါဟာကမ္ဘာ့လုံခြုံရေးကိုခြိမ်းခြောက်နေတဲ့ အမှုကြီးတစ်ခုအဖြစ်ဆွဲတင်ကာ အမျိုးမျိုးသောအရေးယူ ပိတ်ဆို့မှုတွေချမှတ်ဖို့ကြံရွယ်ခဲ့ကြတာဟာလည်း အနောက်အုပ်စုပါပဲ။

**အရေးယူပိတ်ဆို့မှုတွေချမှတ်**

ဒီလိုမျိုး အရေးယူပိတ်ဆို့မှုတွေ ချမှတ်မှပဲ သူတို့လိုချင်တဲ့ ပြည်တွင်း ဆူပူအုံကြွမှုတွေကနေ တစ်ဆင့် သူတို့ကြိုးဆွဲရာ ကမယ့်ရုပ်သေးအစိုးရကို တင်နိုင်မှာ မဟုတ်ပါလား။

ဒါပေမယ့် မိတ်ဆွေရင်းချာတစ်ယောက်လိုမျိုး ယုံကြည်နားလည်မှုအပြည့်နဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံဘက်ကနေ အမြဲတမ်းရပ်တည်ပေးခဲ့တာ ရုရှားနိုင်ငံပါ။ နောက်တစ်နိုင်ငံကတော့ တရုတ်နိုင်ငံပါ။

ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ အနောက်အုပ်စုရဲ့ လက်ပါးစေမဖြစ်သွားခြင်းက အဲဒီလို မိတ်ဆွေရင်းချာနိုင်ငံတွေရဲ့ ကျေးဇူးကြောင့်လည်း အများကြီးပါပါတယ်။ သူတို့ကိုတော့ တကယ် ကျေးဇူးတင်ပါတယ်။

နောက်တစ်ခုက စစ်ဘက်ဆက်ဆံရေးရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ International Army Games ပွဲတော်မှာ မြန်မာ့တပ်မတော်အနေနဲ့ ပါဝင်ခွင့်ရလာခြင်းပါပဲ။

**တစ်နှစ်တစ်ကြိမ်ကျင်းပ**

International Army Games ဆိုတာ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက တစ်နှစ်တစ်ကြိမ်ကြီးမှူးကျင်းပတဲ့ စစ်ဘက်ဆိုင်ရာ ပွဲတော်တစ်ခုဖြစ်ပါတယ်။

အဲဒီပွဲတော်ကို ၂၀၁၅ ခုနှစ်ကတည်းက စတင်ကျင်းပလာတာဖြစ်ပြီး ပါဝင်ဆင်နွှဲကြတဲ့နိုင်ငံတွေကလည်း ရုရှားရဲ့ မဟာမိတ်နိုင်ငံတွေက အများစုဖြစ်ပါတယ်။

> ❋ **တခြားနိုင်ငံတွေမှာ ပြဿနာတစ်ခုဖြစ်ရင် အဲဒီပြဿနာဟာ ပြည်တွင်းရေးဖြစ်ပြီး မြန်မာနိုင်ငံမှာ အလားတူပြဿနာမျိုးဖြစ်ရင်တော့ ဒါဟာကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်နေတဲ့ အမှုကြီးတစ်ခုအဖြစ် ဆွဲတင်ကာ အမျိုးမျိုးသောအရေးယူ ပိတ်ဆို့မှုတွေချမှတ်ဖို့ကြံရွယ်ခဲ့ကြတာဟာလည်း အနောက်အုပ်စုပါပဲ**

မြန်မာ့တပ်မတော်အနေနဲ့ ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်တို့မှာကျင်းပတဲ့ International Army Games မှာ လေ့လာသူအနေနဲ့ ဦးစွာတက်ရောက်ပြီး ၂၀၁၈ ခုနှစ်ကနေစလို့ ယခုအချိန်အထိ နှစ်စဉ်ပါဝင်ဆင်နွှဲခဲ့တာပါ။ နောက်လည်းပါဝင် ဆင်နွှဲသွားဦးမှာဖြစ်ပါတယ်။

ဒီလို ပါဝင်ဆင်နွှဲခွင့်ရခြင်းရဲ့ အကျိုးကျေးဇူးကြောင့် မြန်မာ့တပ်မတော်ရဲ့ စွမ်းဆောင်ရည်ကို ကမ္ဘာက မျက်ဝါးထင်ထင် မြင်တွေ့လာရပါတယ်။

တကယ်လို့သာဒီပွဲမှာ ပါဝင်ဆင်နွှဲခွင့်မရဘူးဆိုရင် မြန်မာ့တပ်မတော်ရဲ့စွမ်းရည်ကို အခုလိုမျိုး ကမ္ဘာသိထုတ်ပြနိုင်မှာ မဟုတ်ပါဘူး။

**ခေတ်မီစစ်လက်နက်ပစ္စည်းများ ပိုင်ဆိုင်လာ**

နောက်ထပ် မြန်မာ- ရုရှားဆက်ဆံရေးရဲ့ စစ်ဘက်ဆက်ဆံရေးအခြေအနေကို ပြောရမယ်ဆိုရင် ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံအတွက် ခေတ်မီစစ်လက်နက်ပစ္စည်းအများအပြားကို ရောင်းချပေးခြင်းအားဖြင့်သော်လည်းကောင်း၊ ထောက်ပံ့ပေးခြင်းအားဖြင့်သော်လည်းကောင်း ကူညီပေးမှုကြောင့် ဒီကနေ့မြန်မာ့တပ်မတော်မှာ ခေတ်မီစစ်လက်နက်ပစ္စည်းများ ပိုင်ဆိုင်လာရတာ ဖြစ်ပါတယ်။

**နှစ်နိုင်ငံကျောင်းသားများပညာရေးဖလှယ်**

၂၁ ရာစုရောက်လာတဲ့အချိန်မှာ ပညာရေးမှာ ရင်းနှီးမြှုပ်နှံခြင်းက နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံခြင်းလို့ ပြောစမှတ်ရှိပါတယ်။

ဒီအတွက်ကြောင့်ပဲ ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းကနေကူညီတဲ့အနေနဲ့ ထူးချွန်မြန်မာကျောင်းသားတွေကို သူတို့ဆီက နာမည်ကျော်တက္ကသိုလ်တွေမှာ တက်ရောက်ပညာသင်ယူ ခွင့်ပြုပေးခဲ့ပြန်ပါတယ်။

နှစ်နိုင်ငံပညာရေးနယ်ပယ် ပူးပေါင်းဆောင်ရွက်မှုက ၁၉၇၂ ခုနှစ်မှာ နှစ်နိုင်ငံကျောင်းသားတွေ အပြန်အလှန်ဖလှယ်မှု အစီအစဉ်နဲ့ စတင်ခဲ့တာဖြစ်ပါတယ်။

အဲဒီအချိန်တုန်းက မြန်မာကျောင်းသား ၁၂ ဦးဟာ မော်စကိုတက္ကသိုလ်မှာ ပညာသင်ယူခွင့်ရခဲ့ပြီး ရုရှားကျောင်းသား ခြောက်ဦးကတော့ ရန်ကုန်တက္ကသိုလ်သို့ လာရောက်ကာ ယဉ်ကျေးမှုပေါင်းစုံသင်တန်းတွေနဲ့ နည်းပညာသိပ္ပံတို့ကို ဆည်းပူးလေ့လာခဲ့ပါတယ်။

၂၀၀၀ ပြည့်နှစ်ရောက်တဲ့အချိန်မှာ မြန်မာကျောင်းသား ၃၀၀ ဟာ ရုရှားနိုင်ငံမှာ ပညာသင်ယူခွင့်ရပေမယ့် ၂၀၀၄ ခုနှစ်အရောက်မှာတော့ မြန်မာကျောင်းသားအရေအတွက် ၆၀၀ အထိ ရှိလာပါတယ်။

**မြန်မာကျောင်းသားများစွာထွက်ပေါ်လာ**

အခုဆိုရင် ရုရှားနိုင်ငံကနေ မဟာဘွဲ့၊ ပါရဂူဘွဲ့၊ သိပ္ပံဒေါက်တာဘွဲ့ရ မြန်မာကျောင်းသားထောင်ပေါင်းများစွာ ထွက်ပေါ်လာနိုင်ခဲ့ပါပြီ။

ကိုဗစ်ကမ္ဘာ့ကပ်ရောဂါဖြစ်စဉ်မှာလည်း ရုရှားနိုင်ငံက သူတို့ရဲ့အစွမ်းထက်တဲ့ ကိုဗစ်ကာကွယ်ဆေးအကြိမ်ရေသန်းပေါင်းများစွာကို လှူဒါန်းရောင်းချပေးခဲ့သလို မြန်မာနိုင်ငံအတွင်းမှာ ထုတ်လုပ်နိုင်ရေးအတွက်လည်း ဆွေးနွေးမှုတွေ ပြုလုပ်တဲ့အထိ ကူညီပေးခဲ့ပြန်ပါတယ်။

*စာမျက်နှာ ၁၇ သို့*

# ကန်ကြီးထောင့်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များမှ စံပြကွက်စိုက်တောင်သူများအတွက် ကွန်ပေါင်းမြေသြဇာများ ထောက်ပံ့

ပုသိမ် ဇူလိုင် ၂၂

**ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များမှ ၂၀၂၂ ခုနှစ် မိုးစပါးရာသီ တစ်ဧက တင်း ၁၀၀ နှုန်းထွက်ရှိရေး ဧက ၁၀၀ စံပြကွက်ရှိ တောင်သူများအား ကွန်ပေါင်းဓာတ်မြေသြဇာ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၂၁ ရက်က မြို့နယ်အသီးသီး၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်၍ တောင်သူများအား မြေသြဇာအိတ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။**

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကန်ကြီးထောင့်မြို့နယ်၌ ကွင်းယားကြီးကျေးရွာရှိ ဧက ၁၀၀ စံပြကွက်စိုက်တောင်သူများအား ကွန်ပေါင်းဓာတ်မြေသြဇာအိတ် ၁၀၀ ထောက်ပံ့ပေးအပ်ခဲ့ပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျောင်းကုန်းမြို့နယ်၌ ကောက်ကြီးကုန်းကျေးရွာရှိ ဧက ၁၀၀ စံပြကွက်စိုက် တောင်သူများအား ကွန်ပေါင်းဓာတ်မြေသြဇာများ ဆက်လက်ထောက်ပံ့ပေးအပ်ပြီး အထွက်တိုးမျိုးကောင်းမျိုးသန့်များ သုံးစွဲကြရေး၊ စနစ်တကျမြေပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများကို အချိုးကျသုံးစွဲကြရေး၊ မိရိုးဖလာစိုက်ပျိုးနည်းများအပြင် ခေတ်မီစိုက်ပျိုးနည်းစနစ်များ၊ စက်ကိရိယာများ အသုံးပြုဆောင်ရွက်ကြရေးနှင့် တိုင်းဒေသကြီး၏ ပန်းတိုင်အထွက်နှုန်းများ ရရှိစေရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျောင်းကုန်းမြို့နယ် ဆိပ်သာကြီးကျေးရွာနှင့် ကန်ကြီးထောင့်မြို့နယ် ဆိပ်သာလေးကျေးရွာကြား



ဆက်သွယ်ထားသည့် ကျုံလမုချောင်းကူးတံတား အရှည်ပေ ၁၂၀၊ အကျယ် ၁၄ ပေ တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တံတားအရှည် အသွေးပြည့်မီရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး မှာကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မော်လမြိုင်မြို့၌ မိုးသည်းထန်စွာရွာပြီး အုတ်တံတိုင်းပြိုကျ၍ ငါးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

မော်လမြိုင် ဇူလိုင် ၂၂

မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက်၌ ယနေ့နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းပြီး အထက(၅) ကျောင်း၏ အုတ်တံတိုင်းပြိုကျကာ လူငါးဦးသေဆုံး၍ တစ်ဦး ဒဏ်ရာရမှုဖြစ်ပွားကြောင်း သိရသည်။

အုတ်တံတိုင်းပြိုကျမှုကြောင့် တံတိုင်းအနီး လက်ဖက်ရည်ဆိုင်ရှိ အမျိုးသား နှစ်ဦး၊



အမျိုးသမီး သုံးဦး စုစုပေါင်း ငါးဦး သေဆုံးပြီး အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ခြင်းဖြစ်သည်။ အုတ်တံတိုင်း ပြိုကျမှုဖြစ်ပွားရာသို့ မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံးနှင့် မော်လမြိုင်ခရိုင်/ မြို့နယ် မီးသတ်စခန်းတို့မှ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ် နှစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး သေဆုံးဒဏ်ရာရသူများအား ကယ်ဆယ်ရေးအသင်းမှ ယာဉ်များဖြင့် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ မြေပြိုမှုဖြစ်စဉ် ဖြစ်ပွားရာသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ရန်ကုန်ဝါးတားဘတ်စ်ကို အောက်တိုဘာ ၁ ရက်တွင် ပြန်လည်ပြေးဆွဲမည်

**ရန်ကုန် ဇူလိုင် ၂၂**

နှစ်နှစ်ကျော်ကြာ ရပ်နားထားခဲ့သော Yangon Water Bus ကို အောက်တိုဘာ ၁ ရက်တွင် ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း ဇူလိုင် ၂၁ ရက်က ရန်ကုန်မြို့ Hotel Melia ၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

"ကျွန်မတို့ Yangon Water Bus ကို ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အများပြည်သူ အပန်းဖြေရန် ခရီးတိုလမ်းကြောင်းများလည်း ၇၅ ရာခိုင်နှုန်း ရေးဆွဲပြင်ဆင်ပြီးနေပါပြီ။ သက်ဆိုင်ရာဌာနများနဲ့ ချိတ်ဆက်ပြီး ပြန်လည်ပြေးဆွဲနိုင်ရေး လုပ်ဆောင်လျက်ရှိပါတယ်" ဟု Yangon Water Bus တည်ထောင်သူ ဒေါ်တင့်တင့်လွင်က ပြောသည်။

ပြေးဆွဲမည့် ပဏာမလမ်းကြောင်းမှာ ဗိုလ်တထောင်၊ ပန်းဆိုးတန်း၊ လမ်းသစ်၊ ဆာပါချောင်၊ အံ့ကြီးမှတ်တိုင်များဖြစ်ပြီး ငွေပေးချေခြင်းအတွက် K PAY, CB PAY, WAVE PAY တို့ကို အသုံးပြုမည်ဖြစ်ကြောင်း၊ Yangon Water Bus ခရီးစဉ်တွင် အများပြည်သူအတွက် အကောင်းဆုံး ပြန်လည်၍ ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ Yangon Water Bus ကို ၂၀၁၇ ခုနှစ် အောက်တိုဘာလက စတင်ပြေးဆွဲခဲ့ကြောင်း သိရသည်။

**အာကာလင်း**

## ၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ပရီမီယာလိဂ်ပွဲစဉ်အားလုံးကို စကိုင်းနက်မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

ရန်ကုန် ဇူလိုင် ၂၁ - ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် ပရီမီယာလိဂ်ပွဲစဉ်အားလုံးကို မူရင်းထုတ်လွှင့်ပြသသည့်ဘက်မှ ထုတ်လွှင့်သည့်အတိုင်း တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဇူလိုင် ၂၁ ရက်က ရန်ကုန်မြို့ Lotte ဟိုတယ်၌ ကျင်းပသည့် စကိုင်းနက်မှ အင်္ဂလန်ပရီမီယာလိဂ်ဘောလုံးပွဲစဉ်များ ပြသသည့် (၁၀) နှစ်ပြည့်အခမ်းအနားမှ သိရသည်။

အဆိုပါ ပရီမီယာလိဂ်ဘောလုံးပွဲစဉ်များ ယှဉ်ပြိုင်ကစားမည့်အချိန်နှင့် ထုတ်လွှင့်ပြသမည့် နေ့ရက်များကို စကိုင်းနက် Skynet SPORTS ရုပ်သံလိုင်းများတွင် စာတန်းရေးထိုး ဖော်ပြသွားမည်ဖြစ်ပြီး Skynet DTH လူမှုကွန်ရက်စာမျက်နှာတွင်လည်း အပတ်စဉ် ကြာသပတေးနေ့တိုင်း ကြိုတင်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

*စာမျက်နှာ ၁၆ မှ*

လက်ရှိဖြစ်ပွားနေတဲ့ မြန်မာ့နိုင်ငံရေးအခြေအနေမှာဆိုရင်လည်း အနောက်အုပ်စုကသာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို သိသိသာသာ ကြားဝင်စွက်ဖက်မှုတွေလုပ်နေပေမယ့် ရုရှားအစိုးရကတော့ ကြားဝင်စွက်ဖက်မှု မပြုရေးမူဝါဒကို ကိုင်တွယ်ပြီး အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ဖို့ကိုသာ တိုက်တွန်းအားပေးခဲ့ပါတယ်။

အခုနောက်ဆုံးနှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်မှုရဲ့ပြယုဂ်ကတော့ မြန်မာတို့ရဲ့ အထွတ်အမြတ်ထားရာ အထင်ကရ စေတီတစ်ဆူဖြစ်တဲ့ ရွှေစည်းခုံစေတီတော်ကြီးရဲ့ ပုံတူစေတီကို ရုရှားနိုင်ငံ မော်စကိုမြို့ ကာလုဂါပြည်နယ် အက်နိုမီယာ ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်မှာ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပြီး တည်ထားကိုးကွယ်နိုင်တဲ့အထိ ဖြစ်လာပါပြီ။

ဒီလိုတိုးတက်မှုတွေရရှိအောင် အကောင်အထည်ဖော်နိုင်ခဲ့သူမြန်မာ့ခေါင်းဆောင်ကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ပါပဲ။

မကြာသေးမီက ပြီးစီးခဲ့တဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ရုရှားနိုင်ငံ ခရီးစဉ်မှာ သမားရိုးကျစစ်ဘက်ပူးပေါင်းဆောင်ရွက်ရေး သာမက စီးပွားရေး၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အရပ်ဘက်ပူးပေါင်း ဆောင်ရွက်မှုကဏ္ဍမြှင့်တင်ရေး၊ စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံပြည်သူလူထု အကျိုးရှိစေမယ့် ဈေးကလီးယားကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနဲ့ သိပ္ပံနဲ့ နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အဓိကထား ဆွေးနွေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနဲ့ ရုရှားနိုင်ငံပိုင် အာကာသကော်ပိုရေးရှင်းတို့ကြား နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့တာလည်း တွေ့ရပါတယ်။

ဒီအချက်အလက်တွေကို ခြုံငုံသုံးသပ်ရမယ်ဆိုရင် မြန်မာ-ရုရှား ဆက်ဆံရေးယိုယွင်းသွားတယ်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဖူးပါဘူး။ ဒါဟာ ဘာကြောင့်လဲ။ နှစ်နိုင်ငံစလုံးက သဘောထားအမှန်အတိုင်း ဆက်ဆံကြလို့ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း ဘယ်လိုပင်သဘောထားအမှန်နဲ့ ဆက်ဆံနေပါစေ နှစ်နိုင်ငံခေါင်းဆောင်တွေ မကောင်းရင်လည်း အခုလိုမျိုးအခြေအနေအထိ တိုးတက်လာဖို့ဆိုတာ ဖြစ်လာနိုင်စရာအကြောင်း မရှိပါဘူး။

ဒါကြောင့် လက်ရှိမြန်မာ-ရုရှားဆက်ဆံရေး တိုးတက်မှုဟာ ယခင် မြန်မာ့ခေါင်းဆောင်အဆက်ဆက်မှသည် လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်လက်ထက်အထိ မှန်ကန်တဲ့မူဝါဒ၊ မှန်ကန်တဲ့သဘောထား၊ မှန်ကန်တဲ့စိတ်ရင်းစေတနာတွေကိုအရင်းခံပြီး မူဘောင်တွေ ချမှတ်အကောင်အထည်ဖော်ခဲ့လို့သာ ရရှိလာတာ မလွဲကေန်ဖြစ်ပါတယ်။

အလားတူပဲ ရုရှားနိုင်ငံရဲ့ ခေါင်းဆောင်အဆက်ဆက်အနေနဲ့ မြန်မာနိုင်ငံအပေါ်စိတ်ရင်းစေတနာ အမှန်ထားပြီး ကူညီပံ့ပိုးပေးမှုတွေကြောင့် အခုလိုမျိုးနှစ်နိုင်ငံဆက်ဆံရေး ခိုင်မာနေရတယ်ဆိုတဲ့ အချက်ဟာလည်း တကယ့်ပကတိ အမှန်တရားပါပဲ။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ ရုရှားခေါင်းဆောင်တွေ တွေ့ဆုံလေတိုင်း နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းခိုင်မာစေရေး ဦးစားပေးလုပ်ဆောင်သွားမယ်လို့ အပြန်အလှန်ကတိစကားတွေ ထားရှိခဲ့ကြဖူးပါတယ်။

အခုအချိန်မှာတော့ ထိုကတိစကားတွေအတိုင်း ဖြစ်ပေါ်တိုးတက်လာတဲ့ မြန်မာ-ရုရှားဆက်ဆံရေးဟာ သိပ်ကို နှစ်ထောင်းအားရ ကျေနပ်ဖွယ်ရာအတိပါပဲ။

ဒါကြောင့် မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ကြား အရပ်ရပ်ဆက်ဆံရေးအခြေအနေတွေဟာ ဘယ်သူမှ ကြားဝင်ဖျက်ဆီးလို့ မရနိုင်ဘဲ သွေးစည်းညီညွတ်စွာ ချစ်ချစ်ခင်ခင်နဲ့ ထာဝရတည်တံ့နေမှာဖြစ်ကြောင်း ဂုဏ်ယူဖွယ်ရာ ရေးသားတင်ပြလိုက်ရပါတယ်။ ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့်ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ကျွဲဆွဲကျေးရွာနေ မျိုးနိုင်သည် ၎င်းအသုံးပြုသည့် “Myo Naing” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့ ရွာထောင်ရပ်ကွက်နေ ကောင်းသန့်လင်း (ခ)ကောင်းကောင်းသည် ၎င်းအသုံးပြုသည့် “Kaung Kaung” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖျာပုံမြို့နယ်အတွင်း Toyota Succeed အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၂၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော မော်တော်ယာဉ် အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၈၉၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ Nissan Diesel အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၇၉၈၉၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇူလိုင် ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းလှမြို့နယ်နှင့် လက်ပံတန်းမြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင် ကျွန်းသစ်နှင့် သစ်မာ ၁၉ ဒသမ ၇၆၅၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၈၇၃၈၈)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၀ ရက်၊ ၂၁ ရက် နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၅၈၆၂၈၈) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မိန်းကလေးတစ်ဦးကို ပြည့်တန်ဆာအဖြစ် စေခိုင်းပြီး ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ် ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၂၂**

မိန်းကလေးတစ်ဦးကို ပြည့်တန်ဆာအဖြစ်စေခိုင်းပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နေ မ---၊ ၁၂ နှစ်ကို တစ်မြို့တည်းနေ မဌေးက ပခုက္ကူမြို့တွင် အိမ်အကူလုပ်ကိုင်ရမည်ဟု ပြောဆို စည်းရုံး၍ မမျိုး၏နေအိမ်သို့ပို့ဆောင်ပြီး ကာမခေါင်းပုံဖြတ်ကာ ပြည့်တန်ဆာအဖြစ်စေခိုင်းပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ပြည် မြို့မရဲစခန်း(ပ)၁၅၈၆/၂၀၁၈၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ပြည်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင်၂၁ ရက်တွင် တရားခံ မဌေးကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် အာရှအားကစားပြိုင်ပွဲ ပြန်လည်ကျင်းပမည့်ရက် သတ်မှတ်

**ရန်ကုန် ဇူလိုင် ၂၂**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရပြီး လာမည့်နှစ်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း အာရှအိုလံပစ်ကောင်စီက အတည်ပြုထုတ်ပြန်ခဲ့သည်။

(၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ယခင်က ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ပြီး ယခုအခါ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်အထိ ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် မြန်မာအားကစား အဖွဲ့များအနေဖြင့် ၂၀၂၃ ခုနှစ်တွင် အဓိကနိုင်ငံတကာ အားကစားပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မေလတွင် (၃၂) ကြိမ်မြောက် ကမ္ဘောဒီးယား ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲ နှစ်ခုစလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများ အတည်ပြုရွေးချယ်ရခြင်းမရှိသေးသော်လည်း ပဏာမအဆင့်ရွေးချယ်ကာ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် လာမည့် အာရှအားကစားပြိုင်ပွဲတွင် အများဆုံး အားကစားနည်း ၁၀ မျိုး ဝန်းကျင်သာ ဝင်ရောက်ယှဉ်ပြိုင်ဖွယ်ရှိနေသည်။ တရုတ်နိုင်ငံအနေဖြင့် အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် သုံးကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်ပြီး ၁၉၉၀ နှင့် ၂၀၁၀ ပြည့်နှစ်တွင် နှစ်ကြိမ် ကျင်းပခဲ့သည်။

ယင်းပြိုင်ပွဲတွင် အားကစားနည်း ၄၀ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြေးခုန်ပစ်၊ မြားပစ်၊ ရေကူး /ဒိုင်ဗင်/ ဝါတာပိုလို၊ ကြက်တောင်၊ Breakdancing၊ ဘေ့စ်ဘော၊ ဘတ်စကက်ဘော၊ လက်ဝှေ့၊ ကနူး/ကယက်၊ ခရစ်ကတ်၊ စက်ဘီး၊ နဂါးလှေ၊ မြင်းစီး၊ ဓားရေး၊ ဟော်ကီ၊ ဘောလုံး၊ ဂေါက်သီး၊ ကျွမ်းဘား၊ Handball၊ ဂျူဒို၊ Kabaddi၊ Martial arts (ဂျူဂျစ်ဆူ၊ ကရာတေး၊ Kurash)၊ Mind sports (Bridge၊ Chess၊ Esports၊ Go၊ Xiangqi)၊ Modern pentathlon၊ Roller sport အပြည်ပြည်ဆိုင်ရာလှေ၊ ရက်ဘီ၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ Sport climbing၊ Squash၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သုံးမျိုးစုံ၊ ဘော်လီဘော၊ နပန်း၊ အလေးမနှင့် ဝူရှူး အားကစားနည်းများ ပါဝင်မည်ဖြစ်သည်။

**ရဲရင့်လွင်**

## MNL ပြိုင်ပွဲ ပွဲစဉ် (၅) တွင် ဇယားထိပ်ပိုင်းမှအသင်းများ ပွဲကျပ်ကစားရမည်



ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် အသင်း။

**ရန်ကုန် ဇူလိုင် ၂၂**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) ကို ဇူလိုင် ၂၃ ရက်မှ ဇူလိုင် ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဇယားထိပ်ပိုင်းမှ အသင်းများ ပွဲကျပ်ကစားရမည်ဖြစ်သည်။

ပွဲစဉ် (၅) အဖြစ် ဇူလိုင် ၂၃ ရက် **(ယနေ့)** တွင် ဟံသာဝတီအသင်းနှင့် GFA အသင်း၊ ဇူလိုင် ၂၄ ရက်တွင် ရန်ကုန်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ ဇူလိုင် ၂၅ ရက်တွင် ဧရာဝတီအသင်းနှင့် အားကာသိပ္ပံအသင်း၊ ဇူလိုင် ၂၇ ရက်တွင် မြဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဇူလိုင် ၂၈ ရက်တွင် ရတနာပုံအသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အမှတ်ပေးဇယားထိပ်ဆုံးသုံးသင်းတွင် ရပ်တည်နေသည့် အသင်းများအနက် ထိပ်ဆုံးမှ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် တတိယနေရာမှ မြဝတီအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသလို ဒုတိယနေရာမှ ဧရာဝတီအသင်းမှာလည်း ကစားပုံမာကျောသည့် အားကာသိပ္ပံနှင့် ပွဲကျပ် ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက် အသင်းသည် ယခုရာသီတွင် တစ်သင်းတည်းသော လေးပွဲစလုံး အနိုင်ရထားသည့် အသင်းဖြစ်သည်။

ဧရာဝတီအသင်းသည် ရာသီအစ ပထမဆုံးပွဲတွင် အရေးနိမ့်ခဲ့သော်လည်း သုံးပွဲဆက်တိုက် ဂိုးပြတ် အနိုင်ရလဒ်များဖြင့် ဒုတိယနေရာအထိ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ပြီး ပွဲစဉ် (၄) တွင် ရန်ကုန်အသင်းကို သုံးဂိုးပြတ် အနိုင်သည်အထိ စွမ်းဆောင်နိုင်ခဲ့သည်။ ယခုအပတ်တွင် ရန်ကုန်၊ ဟံသာဝတီ၊ ရတနာပုံတို့ နိုင်ပွဲပြန်ရရန် ကြိုးပမ်းရမည်ဖြစ်ပြီး နိုင်ပွဲ ထပ်မံပျောက်ဆုံးသည့် အသင်းများလည်း ထပ်မံထွက်ပေါ်လာနိုင်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-သော်လေး**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၇-၂၀၂၂ စနေနေ့

**MRTV HD**

**၀၆:၀၀** ဗေဒ္ဓသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုရာဝယ်
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
**၁၁:၅၀** တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း-၂)
**၁၃:၃၀** MRTV National News
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ်
**၁၆:၄၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၁၅** ရှုလေမြင်လေကမ္ဘာမြေ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၁၀၈)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** (၃၀)ဖြာမဂ်လာ (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) 'ဝိရုဓံသေ'
**၂၂:၀၀** ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း

**mitv**

**07:00** Evergreen Classic Title: Zeyatu Sabba Mingalan (Takkatho Lae Lae)
**07:09** Weekly Review
**07:25** Kay Tu Mar Lar "The Decision"
**07:36** Myanmar Designer Studio: Thura Lin
**07:52** Chaung Tha Souvenir Business
**08:01** Quiz Time (Ep-19)
**09:01** News
**09:26** Global Partnership for Brighter Future: Vanuatu Pavilion at Expo 2020 Dubai
**09:34** A Visit to Inn Ne Village
**09:53** Inn-Waing Waterfall
**10:02** Shopping with Torch-Lights

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဆရာတော်မန်းစံထွန်းရဲ့တစ်နေ့တာလုပ်ရှားမှု
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရှေးဟောင်းသမိုင်းဝင်ဆဒ္ဒန်အိုင်
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
သဘာဝမြေသြဇာပြုလုပ်နည်း
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
အာဟာရပြည့်အောတို့ချက်
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်ရိုးရာဘုရားပန်းဆက်ကပ်ပူဇော်ခြင်း
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်ပြည်နယ်မှသဘာဝအလှများ
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်နော်
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ပြောင်းဖူးဟင်းရည်ပြုလုပ်နည်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
အတွေးအမြင်စုံစွာကျွန်တော်တို့လက်ရာ (စွဲလမ်းခြင်း၏စည်း)
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ဆိုရိုးစကားများ (အပိုင်း-၂)
**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
စပ်လဲရေတံခွန်သို့အလည်တစ်ခေါက်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အငေါင်းအသင်း'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၅၀** လူသားနှင့်ကမ္ဘာဘေးကင်းစေဖို့ GAP စနစ်ဖြင့် မောင်းနှင်ကြပါစို့
**၀၇:၀၀** ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၀၇:၁၀** ပြုံးပန်းဝေဖြာတို့တောရွာ
**၀၇:၅၀** မြန်မာ့တော်ဝင်ထန်းလျက်
**၀၈:၂၅** ကုလားပဲခင်းသာစလင်းမြို့မှာ
**၀၉:၄၀** ကျန်းမာပျော်ရွှင်စွာနေထိုင်ဖို့ သဘာဝပိုးသတ်ဆေးသုံးစွဲစို့

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် အောက်ဆီဂျင်စက်ရုံဖွင့်ပွဲ ကျင်းပ

**လဟယ် ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း အောက်ဆီဂျင်စက်ရုံ ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသဖြင့် ယနေ့နံနက် ၈ နာရီက အောက်ဆီဂျင်စက်ရုံဖွင့်ပွဲ ကျင်းပသည်။



ရှေးဦးစွာ နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး နာဂဒေသစီမံ ဥက္ကဋ္ဌနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးဇာနည်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခန္တီးခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နန်းမြတ်မြတ်မွေး တို့က အောက်ဆီဂျင်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဓာတ်ပုံ) ထို့နောက် အောက်ဆီဂျင်စက်ရုံနှင့်ပတ်သက်သော စာရွက်စာတမ်းများကို နာဂဒေသစီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌက ခန္တီးခရိုင် ဆေးရုံအုပ်ကြီးထံ ပေးအပ်သည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံကို စစ်ကိုင်းတိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ၂၀၂၂ ခုနှစ် ဧပြီ ၂ ရက်တွင် စတင်တည်ဆောက်ပြီး လိုအပ်သော အလျား ပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေတို့ကို ဒေသခံအလှူရှင်များ၏ ထည့်ဝင်ငွေကျပ်သိန်း ၈၀ ကျော်ဖြင့် တည်ဆောက်ကာ ၎င်းအောက်ဆီဂျင်စက်ရုံမှ တစ်ရက်လျှင် လီတာ ၁၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

**ယွန်း(မုံရွာ၊ကိုယ်ပွား)**

# သီပေါမြို့၌ လယ်ယာလုပ်ငန်းခွင်ဝင် ကျွဲ၊ နွားများကို ကာကွယ်ဆေးများထိုးနှံပေး

**သီပေါ ဇူလိုင် ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကျေးလက်နေ တိုင်းရင်းသားပြည်သူများ၏ လယ်ယာလုပ်ငန်းခွင် ခိုင်းကျွဲ၊ နွားများဆုံးရှုံးမှု မရှိစေရေးနှင့် စီးပွားရေးအရ ထိခိုက်မှုမဖြစ်စေရေးအတွက် စီမံချက်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဖြူဦးနှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက ဆောင်ကြဲကျေးရွာအုပ်စုနှင့် စယ်စန်ကျေးရွာအုပ်စုများသို့ ကွင်းဆင်းကာ ကျွဲ၊ နွားများ၌ ဖြစ်ပွားတတ်သော လျှာနာ၊ ခွာနာရောဂါများနှင့် အကျိတ်ရောင်ရောဂါများအပြင် အာဖရိကဝက်အပြင်းဖျားရောဂါများ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအကြောင်း ပညာပေးဟောပြောပြီး ဆေးများထိုးနှံပေးသည်။ ဆက်လက်၍ ကျေးရွာအတွင်းရှိ မွေးမြူရေးခြံများသို့ သွားရောက်၍ ရောဂါစူးစမ်းရှာဖွေခြင်း၊ ခြံအတွင်းအပြင် ဆေးများပက်ဖျန်းခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂-၇-၂၀၂၂

**ရွှေ**

၂၂-၇-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၆၀၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၆၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၄၅ ကျပ် | ၂၀၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၀၅ ကျပ် | ၂၁၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၉၅ ကျပ် | ၁၇၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၅၀ ကျပ် | ၁၇၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၈၇၉ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၃၀ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၀ . ၃၆၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၃၄၅ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၁၅ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၇၃ . ၃၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၁၅၈ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၃၀၀ | ၇၃၀၀ | ၅၇ | ၄၁၆၁၀၀ |
| MTSH | ၂၅၅၀ | ၂၅၅၀ | ၂၈၈၀ | ၇၃၄၄၀၀၀ |
| MCB | ၇၂၀၀ | ၇၂၀၀ | ၃ | ၂၁၆၀၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၇ | ၁၂၂၅၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၁၀၀ | ၂၄၅၀၀၀ |
| EFR | ၂၅၅၀ | ၂၅၀၀ | ၂၀ | ၅၀၃၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## အက်စ်တွန်မာတင်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ဆီဗက်ရှန် ဗက်တဲလ် ဆွေးနွေးနေ

ဂျာမန်လူမျိုး ပြိုင်ကားမောင်းသမား ဆီဗက်ရှန် ဗက်တဲလ်သည် လာမည့်ရာသီတွင် ဖော်မြူလာဝမ်း၌ ဆက်လက်ရှိနေစေရန်အတွက် အက်စ်တွန်မာတင်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးနေကြောင်း သိရသည်။

အသက် ၃၅ နှစ်အရွယ် ဖော်မြူဝမ်းလေးထပ်ကွမ်း ကမ္ဘာ့ချန်ပီယံ ဆီဗက်ရှန် ဗက်တဲလ်က အက်စ်တွန်မာတင် အသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းသည် ယခုနှစ်ကုန်လျှင် ကုန်ဆုံးတော့မည် ဖြစ်သည်။ ဗက်တဲလ်သည် အက်စ်တွန်မာတင်အသင်းနှင့် ၂၀၂၁ ခုနှစ်က လက်တွဲခဲ့သူဖြစ်ပြီး စာချုပ်သစ် ချုပ်ဆိုဖြစ်ခဲ့ပါက အဆိုပါ အသင်းနှင့် တတိယမြောက်ရာသီကို ဆက်လက်ဖြတ်သန်းခွင့် ရရှိတော့မည် ဖြစ်သည်။



ဇူလိုင် ၂၄ ရက်တွင် ကျင်းပမည့် ပြင်သစ်ဂရင်းပရီမတိုင်မီ ဗက်တဲလ်က "ကျွန်တော် အသင်းနဲ့ ဆွေးနွေးနေပါတယ်။ ရှေ့ဆက်လက်တွဲသွားဖို့လည်း ခိုင်မာတဲ့ ဆုံးဖြတ်ချက်ရှိပါတယ်" ဟု ပြောသည်။

ဗက်တဲလ်သည် မက်လာရင် အသင်း၌ ဒန်နီရယ်ရီကာဒို၏ နေရာကို ၎င်းဖြင့် အစားထိုးဖွယ်ရှိသည် ဆိုသော ထင်ကြေးပေးပြောဆိုနေမှုများကို ကောလာဟလသာဖြစ်ကြောင်း ပြောသည်။ ၎င်းသည် ဖော်မြူဝမ်း လေးထပ်ကွမ်း ကမ္ဘာ့ချန်ပီယံအဖြစ် ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်တို့တွင် ဆွတ်ခူးနိုင်ခဲ့သည်။



## အာဖရိက တစ်နှစ်တာအကောင်းဆုံးဆု မာနေး နှစ်ကြိမ်မြောက် ဆွတ်ခူး

ဆီနီဂေါတိုက်စစ်ကစားသမား မာနေးသည် မော်ရိုကိုမြို့တော် ရာဘတ်၌ အာဖရိကဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဆုပေးပွဲ အခမ်းအနား၌ အာဖရိကတစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုကို နှစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

မာနေးသည် ယခုနှစ်တွင် အီဂျစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အာဖရိကနိုင်ငံများဖလားဗိုလ်လုပွဲ၌ ပယ်နယ်တီအဆုံးအဖြတ်တွင် အရေးပါသောဂိုးကို သွင်းယူနိုင်ခဲ့ပြီး သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် အာဖရိကနိုင်ငံများဖလားကို ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးထားနိုင်သူ ဖြစ်သည်။

အဆိုပါ ဆုပေးပွဲသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်နားထားခဲ့ရပြီးနောက် သုံးနှစ်အကြာတွင် ပထမဆုံးအကြိမ် ပြန်လည်ကျင်းပသည့် ဆုပေးပွဲ ဖြစ်ကြောင်း သိရသည်။ မာနေးသည် အဆိုပါဆုကို ချယ်ဆီးဂိုးသမား မန်ဒီနှင့် လီဗာပူးတိုက်စစ်ကစားသမား ဆာလာတို့ကို ကျော်ဖြတ်ကာ ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

အာဖရိကတစ်နှစ်တာအကောင်းဆုံးအမျိုးသမီးဆုကို ဘာစီလိုနာအသင်းမှ နိုင်ဂျီးရီးယားကစားသမား အိုရှာအိုလာ၊ အကောင်းဆုံး အမျိုးသားနည်းပြဆုကို ဆီနီဂေါအသင်းမှ ဆစ်ဆီ၊ အကောင်းဆုံး အမျိုးသမီး နည်းပြဆုကို တောင်အာဖရိကအသင်းမှ အဲလစ်၊ အကောင်းဆုံး အမျိုးသားအသင်းအဖြစ် ဆီနီဂေါအသင်းတို့က ဆွတ်ခူးရရှိခဲ့သည်။

## နော်တင်ဟမ်သို့ လင်ဂတ် အပြီးသတ် ပြောင်းရွှေ့

မန်ယူကွင်းလယ်ကစားသမားဟောင်း ဂျက်ဆီလင်ဂတ်သည် အလွတ်ပြောင်းရွှေ့ကြေးဖြင့် တန်းတက် နော်တင်ဟမ်ဖောရက်စ် အသင်းသို့ အပြီးသတ်ပြောင်းရွှေ့သွားပြီ ဖြစ်သည်။ အင်္ဂလန်အသင်းအတွက် ၃၂ ပွဲ ပါဝင်ကစားထားသော အသက် ၂၉ နှစ်အရွယ် လင်ဂတ်သည် နော်တင်ဟမ်အသင်း ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိပြီးနောက် ယခုနှစ်နွေရာသီတွင် ခေါ်ယူသည့် ၁၁ ဦးမြောက် ကစားသမား ဖြစ်လာခဲ့သည်။


ဇွန်လကုန်တွင် အိုးထရက်ဖို့ဒ်၌ စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက် မန်ယူအသင်းနှင့် လမ်းခွဲထားသော လင်ဂတ်သည် ဝက်စ်ဟမ်းအသင်းသို့လည်း ပြန်လည်ပြောင်းရွှေ့ကစားရန် ချိတ်ဆက်ခံထားရသူ ဖြစ်သည်။ ၎င်းသည် ဝက်စ်ဟမ်းအသင်း၌ ၂၀၂၀-၂၀၂၁ ရာသီတွင် အငှားကစားခဲ့ပြီး ၁၆ ပွဲတွင် ကိုးဂိုး သွင်းယူပေးထားနိုင်သည်။



သို့သော်လည်း နောက်ဆုံးတွင် နော်တင်ဟမ်အသင်းသို့သာ ပြောင်းရွှေ့ခဲ့သည်။ လင်ဂတ်သည် နော်တင်ဟမ်အသင်း၌ နံပါတ် ၁၀ ဂျာစီကို ဝတ်ဆင်ကစားမည် ဖြစ်သည်။

## မန်ယူသို့ ပြောင်းရွှေ့မှုနှင့်ပတ်သက်ပြီး နောင်တမရကြောင်း ခံစစ်ကစားသမား ဗာရာနီပြော

အသက် ၂၉ နှစ်အရွယ် မန်ယူအသင်းမှ ပြင်သစ်ခံစစ်ကစားသမား ရာဖေးလ် ဗာရာနီသည် မန်ယူအသင်းသို့ ပြောင်းရွှေ့မှုနှင့်ပတ်သက်ပြီး နောင်တမရကြောင်း ပြောသည်။ ပြီးခဲ့သည့် နွေရာသီတွင် နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းမှ အိုးထရက်ဖို့ဒ်သို့ ပြောင်းရွှေ့ရောက်ရှိလာသော ဗာရာနီသည် မန်ယူအသင်းနှင့် ၎င်း၏ ပွဲဦးထွက်ဘောလုံးရာသီကို ဒဏ်ရာများဖြင့် ရုန်းကန်ခဲ့ရပြီး ပြိုင်ပွဲအရပ်ရပ် ၂၉ ပွဲ ပါဝင်ကစားခွင့် ရရှိခဲ့သော်လည်း ဖလားလက်မဲ့ရာသီကို ဖြတ်သန်းခဲ့ရသူ ဖြစ်သည်။



ဗာရာနီသည် ရီးရဲမက်ဒရစ်အသင်းမှ ထွက်ခွာခြင်းကြောင့် လေးကြိမ်မြောက်လာလီဂါဖလားဆွတ်ခူးခွင့်နှင့် လွဲချော်ခဲ့ရသလို ငါးကြိမ်မြောက် ချန်ပီယံလိဂ်ဖလားဆွတ်ခူးခွင့်နှင့်လည်း ဝေးကွာခဲ့ရသည်။ မန်ယူအသင်းသို့ ပြောင်းရွှေ့မှုနှင့်ပတ်သက်ပြီး ဗာရာနီက "အိုးထရက်ဖို့ဒ်ကို ပြောင်းရွှေ့ခဲ့မှုအတွက် နောင်တမရပါဘူး။ ဘောလုံးလောကမှာ ကိုယ်ကိုယ်တိုင် စိန်ခေါ်မှုအသစ်တွေအတွက် ရင်ဆိုင်နိုင်တဲ့ ခွန်အားရှိရမှာဖြစ်ပြီး တိုးတက်အောင်ကြိုးစားရမှာပါ။

"နောက်ပြီး တစ်နေရာတည်းမှာ ၁၀ နှစ်ကြာဖြတ်သန်းပြီးနောက် အတွေ့အကြုံသစ်တွေ လိုချင်တာကြောင့်ရယ်၊ ပရီမီယာလိဂ်က ပြိုင်ဆိုင်မှု ပြင်းထန်ပြီး စိတ်လှုပ်ရှားစရာကောင်းတာကြောင့်ရယ် မန်ယူအသင်းကို ပြောင်းရွှေ့ခဲ့တာပါ။ ပြီးတော့ မန်ယူအသင်းက ကြီးကျယ်ခမ်းနားတဲ့အသင်းတစ်သင်းလေ။ ဒါကြောင့် အိုးထရက်ဖို့ဒ်ကို ပြောင်းရွှေ့ခဲ့တဲ့ဆုံးဖြတ်ချက်နဲ့ပတ်သက်ပြီး လုံးဝ သံသယမရှိပါဘူး" ဟု ပြောသည်။

### နောက်ဆုံးရအားကစားသတင်းတိုများ

- မန်စီးတီးအသင်းသည် စပိန် ဘယ်ခံစစ်ကစားသမား ကူကူရယ်လာအား ခေါ်ယူရန် ပေါင်သန်း ၃၀ ဖြင့် ကမ်းလှမ်းချက်တစ်ရပ်အား ဘရိုက်တန်အသင်းက ပယ်ချလိုက်သည်။
- ဘာစီလိုနာအသင်းသည် ကွန်ဒီကို ခေါ်ယူရန် မအောင်မြင်ခဲ့ပါက မန်စီးတီးအသင်းမှ စပိန်ဗဟိုခံစစ်ကစားသမား လာပေါ်တေးကို ခေါ်ယူရန် ပစ်မှတ်ထားနေသည်။
- မန်ယူနှင့် ချယ်ဆီးအသင်းတို့သည် ဘိုင်ယန်မြူးနစ်အသင်းမှ ပြင်သစ်ခံစစ်ကစားသမား ပါဗက် (၂၆ နှစ်) ကို ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေသည်။
- လိဒ်စ်အသင်းသည် အသင်းမှ ဂျက်ဟာရစ်ဆင် (၂၅ နှစ်) အား ပေါင် ၁၈ သန်းဖြင့် နယူးကာဆယ်အသင်း၏ ကမ်းလှမ်းမှုကို ပယ်ချလိုက်သည်။
- ဗီလာနှင့် လက်စတာအသင်းတို့သည် ပီအက်စ်ဗွီအသင်းကွင်းလယ်ကစားသမား ဆန်ဂါရီကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။



## အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ဂျက်ဆင် ရွှေတံဆိပ်ဆွတ်ခူး

ဂျာမေကာ တာတိုအပြေးမယ် ရှာရစ်ကာ ဂျက်ဆင်သည် ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲ၏ မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ၂၁ ဒသမ ၄၅ စက္ကန့်ဖြင့် ပန်းဝင်နိုင်ခဲ့သဖြင့် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ၎င်းသည် သမိုင်းတစ်လျှောက် ဒုတိယ အပြေးအမြန်ဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ယခုသီတင်းပတ်အစောပိုင်းတွင် ၎င်းနှင့် တစ်နိုင်ငံတည်းဖြစ်သူ ဖရေဇာ ရိုင်စီသည် အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သော်လည်း မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ၂၁ ဒသမ ၈၁ စက္ကန့်ဖြင့် ပန်းဝင်နိုင်ခဲ့သဖြင့် ဒုတိယသာ ရရှိခဲ့သည်။ အဆိုပါ ပြိုင်ပွဲတွင် ဒီနာအက်ရှာစမစ်က ၂၂ ဒသမ ၀၂ စက္ကန့်ဖြင့် ပန်းဝင်နိုင်ခဲ့သည့်အတွက် တတိယသာ ရရှိခဲ့သည်။

အမျိုးသားမီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် အမေရိကန်အပြေးသမား လိုင်လိစ်က ၁၉ ဒသမ ၃၁ စက္ကန့်ဖြင့် ပန်းဝင်နိုင်ခဲ့သည့်အတွက် ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ပြိုင်ပွဲတွင် ၎င်းနှင့် တစ်နိုင်ငံတည်းသားဖြစ်သူ ကင်နီ ဘီနာရက်ခ်က ၁၉ ဒသမ ၇၇ စက္ကန့်ဖြင့် ပန်းဝင်နိုင်ခဲ့သဖြင့် ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။

■ မိုးဇက် - စုစည်းသည်

# မျှစ်ချိုးရာသီတွင် သတိပြုရမည့် ဝါးမျိုးစိတ်ထိန်းသိမ်းရေး

ဟိန်းထက်ဇော် (မြန်မာ့အလင်း)



**လူသားများသည် မိမိပတ်ဝန်းကျင်တွင် ဝါးနှင့်ပတ်သက်၍ နေ့စဉ် ထိတွေ့အသုံးပြုနေကြသည်။ သို့သော် ဝါးနှင့်ပြုလုပ်ထားသည့် အသုံးအဆောင်များဟုသာ သိရှိထားကြပြီး ဝါးတို့၏ ထူးခြားချက်များနှင့် သဘောသဘာဝကို သိရှိသူ အလွန်နည်းပါးလှသည်။ ကမ္ဘာဦးအစ ရေညှိမှော်လေးများမှတစ်ဆင့် မြက်ပင်ဖြစ်လာသည်ဟု မှတ်သားဖူးသည်။ ဝါးပင်သည် ထိုမြက်ပင်ကလေးများမှတစ်ဆင့် ဖြစ်လာသည့် မြက်ကြီးပင် အမျိုးအစားတစ်မျိုးဖြစ်သည်။ ထို့ကြောင့် ဝါးပင်သည် သစ်တို့၏ သဘောသဘာဝနှင့် မတူညီပေ။ ယင်းမတူညီမှုများကြောင့် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုမည်ဆိုလျှင် ဝါးကို သစ်ကဲ့သို့ မစဉ်းစားသင့်ပေ။**

## မြန်မာနိုင်ငံမှ ဝါးမျိုးစိတ်များ

မြန်မာနိုင်ငံတွင် ဝါးမျိုးစုစုပေါင်း ၂၂ မျိုးနှင့် မျိုးစိတ်ပေါင်း ၁၂၀ ခန့် သဘာဝအလျောက် ပေါက်ရောက်သည်။ ဝါးပင်ကို ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၃၀၀ မှ ပေ ၂၆၀၀ အကြားတွင် အများဆုံးတွေ့ရသည်။ အပူချိန် ၁၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်၊ မိုးရေချိန် ၃၁ လက်မမှ ၂၅၄ လက်မကြား၊ ရေမဝပ်သောမြေ၊ ဆားငန်မြေမှလွဲ၍ ပေါက်ရောက်နိုင်သည်။

ထိုသို့ မြန်မာနိုင်ငံတွင် ပေါက်ရောက်လျက်ရှိသည့် ဝါးမျိုးများ မပြုန်းတီးစေရန် မျှစ်ချိုး၊ ဝါးခုတ်သူများအနေဖြင့် ဝါးပင်၏ သဘောသဘာဝကို နားလည်သိရှိထားရန် လိုအပ်သည်။ မြန်မာ့ဆိုရိုးစကားတွင် ဝါဆိုဝါခေါင် မျှစ်တစ်ထောင်ဟု ဆိုရိုးစကား မှတ်သားဖူးပါသည်။ ဝါဆိုလနှင့် ဝါခေါင်လတို့တွင် မိုးဖြိုင်ဖြိုင်ကျပြီး မျှစ်လှိုင်လှိုင်ပေါက်သည့် ကာလဆိုလျှင်လည်း မမှားပေ။ ထိုကာလတွင် မျှစ်ချိုးသူများအနေဖြင့် မျှစ်ဖြစ်လျှင်ပြီးရော တွေ့သမျှမျှစ်များကို လိုက်လံချိုးယူနေမည်ဆိုလျှင် အချိန်ကာလကြာမြင့်လာသည့်အခါ မြန်မာနိုင်ငံရှိ ဝါးမျိုးများလည်း မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သည်။ ယင်းသို့ ဝါးမျိုးများ မျိုးသုဉ်းပျောက်ကွယ်မသွားစေရန် မျှစ်ချိုးသူများအနေဖြင့် ဝါးတို့၏ သဘောသဘာဝကိုအလေးထားလိုက်နာစောင့်ထိန်းသင့်ပါသည်။

## ဝါးအမျိုးအစား သုံးမျိုး

ဝါးပင်သည် မြေအောက်ပင်စည်ကြီးထွားမှုအပေါ်မူတည်ပြီး အစုလိုက်အပြုံလိုက် ပေါက်သောဝါး၊ တစ်ပင်ချင်းပေါက်သောဝါးနှင့် ထိုနှစ်မျိုးရောနှောကာ စကဝါးဟူ၍ သုံးမျိုး ကွဲပြားပေါက်ရောက်သည်။ အစုလိုက်ပေါက်သောဝါးသည် ရာသီဥတုအနေဖြင့် ပူသောရာသီဥတုကို နှစ်သက်ပြီး တစ်ပင်ချင်းပေါက်သည့်ဝါးသည် အေးသည့်ရာသီဥတုကို နှစ်သက်သည်။ စကဝါးသည် သမသောရာသီဥတုကို နှစ်သက်သည်။ ထို့ကြောင့် ဝါးပင်ကို စိုက်ပျိုးမည်ဆိုလျှင် ဝါးအမျိုးအစားအပေါ်မူတည်ကာ ရေ၊ မြေ၊ ရာသီဥတုကိုကြည့်ပြီး မည်သည့် ဝါးအမျိုးအစား စိုက်ပျိုးသင့်သည်ကို ဆုံးဖြတ်ရမည်ဖြစ်သည်။

ဝါးပင်သည် အခြားသစ်ပင်များနှင့် ရောနှောခြင်းမရှိဘဲ တစ်ပင်တည်း ပေါက်ရောက်နေသည်မျိုး မရှိပေ။ ဝါးပင်သည် သစ်ပင်ကဲ့သို့ တစ်ပင်တည်း ပင်စည်တဖြည်းဖြည်း ကြီးထွားလာကာ အချိန်ကြာသည့်အခါမှသာ အမြင့်သို့ ဖြည်းဖြည်းခြင်းတက်လာခြင်းမျိုးမဟုတ်ဘဲ အချိန်တိုအတွင်း အမြင့်သို့ ထိုးထွက်လာသည်။

